# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့၊ (7-12-2014) (၈၀၄၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ-ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေး၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ကျင်းပမည့် (၂၅)နှစ်မြောက် အာဆီယံ-ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးသို့ အာဆီယံဥက္ကဋ္ဌအဖြစ် တက်ရောက်ရန် မကြာမီကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)** အဆိုပါ တိုးချဲ့ငါးထပ်ဆောင်မှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိပြီး လာမည့်ဇန်နဝါရီလအတွင်း လူနာများကို ပြောင်းရွှေ့ကုသနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာ ခွဲစိတ်ကုသဆောင် အမှတ်(၅-၆)ဆောင်၌ ဆေးဝါးကုသခံယူနေကြသည့် ပြည်သူများအား ကြည့်ရှုအားပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ပင်မဆောင်) အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ပင်မဆောင် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း ပထမအဆင့်မှာ လာမည့်နှစ်ဧပြီလအတွင်း ပြီးစီးမည်ဖြစ်ပြီး ဒုတိယအဆင့်လုပ်ငန်းများမှာ နိုဝင်ဘာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ဒုတိယသမ္မတသည် အထူးကြပ်မတ်ကုသဌာနသို့ ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်ဆေးကုသမှုဌာန ပြုပြင်မွမ်းမံမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ အဆိုပါ အရေးပေါ်ဆေးကုသမှုဌာန အကြီးစားပြုပြင်မွမ်းမံမှုလုပ်ငန်းများအနက် ပထမအဆင့်လုပ်ငန်းများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋



## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ›› ၁၅၊ ၁၆




## နတ်မတောင် အမျိုးသားဥယျာဉ် ခေါနသုမ်(သို့မဟုတ်) ဝိတိုရိယခရီးသွား

သတင်း ›› ကိုကိုနေ၊ ဓာတ်ပုံ ›› နန္ဒ

ခြေလျင်တောင်တက်ခရီးသွားခြင်းဖြင့် သဘာဝအလှအပများနှင့် သွေးချင်းဒေသခံတို့၏ ဘဝနေထိုင်မှုဓလေ့များ လေ့လာမှတ်သားရင်း သန့်ရှင်းသောလေထုနှင့် တောတောင်သစ်ပင် ပန်းမန်တို့၏ ရှုခင်းများခံစားရင်း မိမိ၏ဖွဲ့လုံ့လကြံ့ခိုင်မှုကို စမ်းသပ်နိုင်မည်ဖြစ်သည်။ Virgin Forest ခေါ် အပျိုစင်တောနှင့် သဘာဝပန်းမန်များ၊ တောနှင့်တောင်၏ အလှအပရှုခင်းများရှိသော နတ်မတောင်အမျိုးသားဥယျာဉ်ရှိ နတ်မတောင်ထိပ်သို့ ပြည်တွင်းပြည်ပမှတောင်တက်ခရီးကြမ်း သွားရောက်လေ့လာသူများ တိုးတက်လျက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖



ကြေးမုံ စာတည်းရှုထောင့် ၇-၁၂-၂၀၁၄၊ တနင်္ဂနွေနေ့

# ကိုယ်လက်လှုပ်ရှားအားကစား

ယခုဒီဇင်ဘာလ ပထမပတ်မှစတင်၍ အမြို့မြို့အနယ်နယ်၊ နေရာဒေသ အသီးသီးတို့တွင် နံနက်စောစော ကိုယ်လက်လှုပ်ရှားမှုများကို ပြည်သူများ တက်တက်ကြွကြွ လုပ်ဆောင်လာကြသည်။ ဒီဇင်ဘာလူထုလှုပ်ရှားမှုဟု ခေါ်ဆိုနိုင်သည့် အားကစားလှုပ်ရှားမှုများကို တစ်လတာအတွင်း ဆောင်ရွက်ကြပြီးနောက် ဇန်နဝါရီလဆန်းသည်နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများအား ဆက်လက်ကျင်းပကြလိမ့်ဦးမည်ဖြစ်သည်။

အဆိုပါလူထုလှုပ်ရှားမှုများနှင့် လူထုအားကစားပွဲများ ဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံတော်နှင့် လူထုအတွက် အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေပါသည်။ အားကစားကဏ္ဍတိုးတက်မှုများကို ပြန်ကြည့်မည်ဆိုလျှင် ဒီဇင်ဘာလူထုလှုပ်ရှားမှုများမှ စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းလှုပ်ရှားမှုများကို ၁၉၆၄ ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ထိုသို့လှုပ်ရှားဆောင်ရွက်ခဲ့သောကြောင့် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်တွင်းပြည်ပယှဉ်ပြိုင်ခဲ့သည့် မြန်မာ့အားကစားလောကကို ရွှေရောင်လွှမ်းစေခဲ့ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွပါဝင်လှုပ်ရှားနိုင်ခဲ့သည့် ဒီဇင်ဘာလှုပ်ရှားမှုများသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်းမြင့်မားရေးအတွက် များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။ လူထုအားသည် နိုင်ငံအတွက်အင်အား၊ နိုင်ငံအတွက် ဂုဏ်ရောင်များဖြစ်စေခဲ့ပါသည်။

မျက်မှောက်ကာလတွင်လည်း မြန်မာ့အားကစားသည် ပြန်လည်မြင့်မားတိုးတက်လာသည်ဟု ဆိုရမည်။ အားကစားကဏ္ဍကို မြှင့်တင်ပေးနိုင်ခြင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးက အားကစားပြိုင်ပွဲများတွင် အမျိုးသားရေးစိတ်ဓာတ်တက်ကြွစွာဖြင့် ပါဝင်လာကြ၍ ပြန်လည်တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။ အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်သူတစ်ရပ်လုံး ပါဝင်လာခဲ့ကြသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၊ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများပါမကျန် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများနှင့် အားကစားပြိုင်ပွဲများကို ပြုလုပ်နေကြပြီဖြစ်သည်။

ဒီဇင်ဘာလအတွင်း အပတ်စဉ်စနေနေ့ နံနက် ၆ နာရီတွင် နေပြည်တော်၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၁)နှင့် အမှတ်(၂)တို့ကို ပြုလုပ်ကြကြောင်းသိရသည်။ ဒီဇင်ဘာလတွင်ပင် အတက်အကြွဆုံး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဆု၊ မြို့နယ်ဆုများကို ချီးမြှင့်ပေးသွားမည်ဟု သိရသည်။ နေပြည်တော်တွင် ဝန်ထမ်းအများစု နေထိုင်လျက်ရှိရာ ဒီဇင်ဘာအားကစားလရောက်တိုင်း ပါဝင်လှုပ်ရှားကြသူများ ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုထားပါသည်။ လူတစ်ဦးအတွက် ကျန်းမာကြံ့ခိုင်သောဘဝကို ပိုင်ဆိုင်နိုင်ရန် ကိုယ်လက်လှုပ်ရှားအားကစားများ မဖြစ်မနေပြုလုပ်သင့်ပါသည်။

ထို့ကြောင့် အလွယ်တကူနှင့် ငွေကုန်ကြေးကျမရှိသော နံနက်စောစော လမ်းလျှောက်ခြင်း အလေ့အကျင့်ကို လူတိုင်းမဖြစ်မနေ ဆောင်ရွက်သင့်သည်။

ယခုဒီဇင်ဘာအားကစားလသည် လူထုတစ်ရပ်လုံးအတွက် အခါအခွင့်သင့်သော အချိန်အခါကောင်းဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများနှင့်တကွ လူထုတစ်ရပ်လုံးနှင့် မိသားစုအားလုံးတို့ပါ ကျန်းမာပျော်ရွှင်စွာဖြင့် မိမိတို့ အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားများကို ပိုမိုအားစိုက်ဆောင်ရွက်နိုင်ရန်အတွက် ယခုဆင်နွှဲနေသည့် လူထုလှုပ်ရှားမှုများတွင် အားလုံးတက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ်(၂၅)အကြီးစားစက်ရုံ(မြိုင်)အား ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ်(၂၅)အကြီးစားစက်ရုံ(မြိုင်)အား ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု)

**နေပြည်တော် ဒီဇင်ဘာ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၅ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အမှတ်(၂၅) အကြီးစားစက်ရုံ(မြိုင်)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများအနေဖြင့် ဝယ်ယူရေး၊ ထုတ်လုပ်ရေး၊ ရောင်းချရေး အပိုင်း သုံးပိုင်းစလုံး ကျွမ်းကျင်ပိုင်နိုင်ဖို့ လိုအပ်ကြောင်း၊ ဝယ်ယူရေးအပိုင်းတွင် အမှားအယွင်းမရှိ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော ကုန်ကြမ်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူနိုင်ရမည် ဖြစ်ကြောင်း၊ ထုတ်လုပ်ရေးအပိုင်းတွင် လေလွင့်ပြုန်းတီးမှုမရှိဘဲ ကုန်ကျစရိတ်သက်သာစွာဖြင့် Quality ရှိသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ရောင်းချရေးအပိုင်းကိုလည်း ကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကြောင်း၊ ဝယ်ယူသူ မိမိဆီမလာနိုင်လျှင် မိမိက ဝယ်ယူသည့်သူဆီအရောက်ပို့ဆောင်ရောင်းချနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်စက်မှုကဏ္ဍဖွံ့ဖြိုးလာမှုကိုမျှော်မှန်း၍ ဤစက်ရုံကြီးအား တည်ဆောက်ခဲ့ခြင်းဖြစ်ရာ စက်ရုံကြီးရေရှည်ရှင်သန် ရပ်တည်နိုင်ရေး နည်းလမ်းကောင်းများ ဝိုင်းဝန်းကြံဆပြီး ဝန်ထမ်းအားလုံး တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် စက်ရုံ၏ဂုဏ်သိက္ခာကို မြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားသည်။



အမှတ်(၂၅)အကြီးစားစက်ရုံ(မြိုင်)သည် နိုင်ငံတော်၌ တစ်ခုတည်းသာရှိသော စက်ရုံတစ်ရုံဖြစ်ပြီး အဆိုပါစက်ရုံမှ CNC Lathe (ML-258)၊ CNC Lathe (ML-260)၊ Semi CNC Lathe (DL-660)၊ Heavy Duty Precision Lathe (HG-720)၊ Radial Drilling Machine(TF-1100S)၊ Radial Drilling Machine(TF-1700H)၊ Bed Type Vertical & Horizontal Milling M/C(JYVH-480)၊ Universal Cylindrical Grinding M/C(G&Y 55 AGC)၊ Pression Surface Grinting M/C(C&Y 50100 AHR)၊ Double Column Plano Milling M/C (CI 900 x 2500) နှင့် Plate Rolling Machine (HR-0613) တို့ကို ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် Automobile Mould & Die Manufacturing စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး Automobile Mould & Die များအပြင် စက်မှုလုပ်ငန်းသုံး Mould & Die အမျိုးမျိုးတို့ကိုလည်း ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Mould များ စမ်းသပ်ထုတ်လုပ်ထားသော ထုတ်ကုန်နမူနာများကို ကြည့်ရှုစစ်ဆေးပြီး Mould & Die Manufacturing Project တွင် ပါဝင်သည့်အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ စက်များ အထိုင်ချတပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ စက်ရုံဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် Magic Link Trading Co.,Ltd သို့ ငှားရမ်းဆောင်ရွက်လျက်ရှိသည့် အမှတ်(၁၁)အထည်စက်ရုံ(ပခုက္ကူ)သို့ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါစက်ရုံအနေဖြင့် အမျိုးသမီးဝတ်အင်္ကျီ၊ အမျိုးသားဝတ်ဘောင်းဘီရှည်၊ အမျိုးသမီးဝတ်ခေါင်းစွပ်လက်ရှည်၊ အမျိုးသားဝတ်ရှပ်အင်္ကျီလက်ရှည်၊ အမျိုးသမီးဝတ်ဘောင်းဘီတို၊ ဘောင်းဘီရှည်တို့ကို ချုပ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ချည်မျှင်၊ အထည်ပိတ်ကြမ်း၊ ဆေးဝတ်နှင့်ပတ်တီးများ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)သို့ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်း(မြင်းခြံ)သို့ရောက်ရှိပြီး စက်ရုံအတွင်း စီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးမှု၊ Component Shop,Forging Shop, Heat Treatment Shop, Machine Shop နှင့် Assembly Shop တို့တွင် စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



## ပြည်တွင်းရေးရာ

**❋ ရှေ့ဖုံးမှ**

ဇန်နဝါရီလ ဒုတိယအဆင့်၊ တတိယအဆင့်နှင့် စတုတ္ထအဆင့်လုပ်ငန်းများမှာ လာမည့်နှစ် မတ်လတွင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အရေးပေါ် အသက်ကယ်ကုသခန်း၊ ထိခိုက်ဒဏ်ရာနှင့် အရေးပေါ်ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဒေါက်တာသန်းထွန်းတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ တိုးချဲ့ငါးထပ်အဆောက်အအုံ ဒီဇင်ဘာလကုန်တွင်ပြီးစီးပါက လူနာခန်းများ ဆက်လက်ပြောင်းရွှေ့မည့်အစီအစဉ်၊ လူနာများအတွက်ဖြည့်ဆည်းပေးနိုင်သည့်အချက်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသသော လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ ကျဆင်းစေရန်အတွက် ဆောင်ရွက်ပေးမှုများနှင့် ပြည်သူလူထုကျန်းမာရေးအတွက် စိုက်ထုတ်သုံးစွဲငွေ လျော့နည်းကျဆင်းစေရန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လက်ရှိဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ ၆၆ကေဗွီဓာတ်အားခွဲရုံအသစ် တည်ဆောက်ရန်စီစဉ်နေမှု၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ဆေးရုံများအားလုံးကို ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ထားရှိမှုနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရန် ဓာတ်အားခွဲရုံအသစ် တည်ဆောက်ရန် စီစဉ်ဆောက်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

**(သတင်းစဉ်)**

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော နေ့စဉ်ထုတ်သတင်းစာများတွင် သုတနှင့်ရသဆိုင်ရာ စာအုပ်ကြော်ငြာခနှုန်းထားများ ထက်ဝက်လျှော့ချပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့၌ သုတ/ရသဆိုင်ရာစာအုပ်များနှင့် ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများကို လူမှုရေးကြော်ငြာနှုန်းထားများနှင့် တစ်ပြေးညီ လက်ခံဖော်ပြပေးခဲ့ရာမှ ယခုအခါ သုတ/ရသစာပေများကို ပိုမိုကျယ်ပြန့်စွာ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် သုတ/ရသစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ သုတ/ရသဆိုင်ရာစာအုပ်များ(ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ)ကို မူလကြော်ငြာနှုန်းထားဖြစ်သည့် ရောင်စုံစာမျက်နှာတွင် တစ်လက်မတစ်ကော်လံ ငွေကျပ် ၁၂၀၀၀ မှ ငွေ ကျပ် ၆၀၀၀ ဖြင့် လည်းကောင်း၊ အဖြူအမည်း စာမျက်နှာတွင် တစ်လက်မ တစ်ကော်လံ ငွေကျပ် ၉၀၀၀ မှ ငွေကျပ် ၄၅၀၀ ဖြင့် လည်းကောင်း ထက်ဝက်လျှော့ချပြီး လက်ခံဖော်ပြပေးလျက်ရှိသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် အသက်ကယ်ကုသဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**❖ နတ်မတောင်မှ**

ချင်းပြည်နယ်တောင်ပိုင်းရှိ ကန်ပက်လက်၊မင်းတပ်၊ မတူပီသုံးမြို့တွင်ပါဝင်ပြီး ဧက ၁၇၆၃၀၀ (၇၀၃၄၆ ဟက်တာ) အကျယ်အဝန်းရှိသော နတ်မတောင် အမျိုးသားဥယျာဉ်ကို ၁၉၃၆ ခုနှစ်တွင် ဘောလီမိုးကြိုးဝိုင်းအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ်အဆိုပြု၍ ၂၀၁၀ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။ ခေါနုသုမ်တောင်များတွင် အကြီးဆုံးဟု အဓိပ္ပာယ်ရသော နတ်မတောင်ထွတ်ကို ဗြိတိသျှကိုလိုနီခေတ်က ဝိတိုရိယတောင်ထွတ်ဟု ခေါ်ခဲ့ကြသည်။

မင်းတပ်မှ ကန်ပက်လက်သွားမြေလမ်းဟောင်းမှ ၃၅ မိုင် တောင်တက်တောင်ဆင်းလမ်းကြမ်းကို ခရီးနှင်ဖြတ်သန်း၍ ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၀၅၀၀ ရှိ နတ်မတောင်ထိပ်သို့ တက်ရောက်နိုင်သည်။ မင်းတပ်-ကန်ပက်လက်မြေလမ်းဟောင်းအတိုင်း တောင်ဆင်းခရီးမှ နက်ရှိုင်းသော တောင်ကြားချိုင့်ဝှမ်းအတွင်း ကွေ့ကောက်စီးဆင်းနေသော ချီချောင်းနှင့် ချီချောင်းတံတားသို့ ရောက်သည်။ မတ်စောက်မြင့်မားသော ကျောက်နံရံကြီးများ စီးမိုးလျက်ရှိသော ချီချောင်းနံဘေး ကျောက်တုံးကျောက်စိုင်များပေါ်တွင် ပြည်ပခရီးသွား အပန်းဖြေများ နားနေကြသည်ကိုတွေ့ရသည်။ ချီချောင်းအတွင်းရှိ ကြီးမားသောကျောက်တုံးကြီးများမှစ၍ သေးငယ်သောကျောက်တုံးကလေးများအထိ လှပသော ကြိုးများပါဝင်နေသည်ကို အံ့သြဖွယ်တွေ့ရသည်။ ထို့ပြင် လှိုင်းတွန့်အရစ်အထပ် ငါးကြေးကွက်စသည်ဖြင့် ပုံသဏ္ဍာန်မျိုးစုံသော အကြောဖွဲ့စည်းပုံများနှင့် အရောင်အသွေးအမျိုးမျိုးရှိသော ကျောက်တုံးကြီးငယ်များလည်းတွေ့ရသည်။ နေရောင်ခြည်တိမ်ထုအနေအထားကိုလိုက်၍ ပြောင်းလဲလျက်ရှိသော တောင်၏အရိပ်နှင့် နေခြည်တန်းများ၊ ရေပြင်မှတလက်လက်ရောင်ပြန်ရောင်စဉ်တန်းများကိုလည်း လှပစွာတွေ့ရသည်။ ချီချောင်းမှစတင်၍ တောင်တက်လမ်း မရှီယောအုပ်စုအမြင့်ပေ ၄၆၀၀ သို့တက်ပြီး ရှိန်းအုပ်စုတောင်တက်ခရီးသွားများ ညအိပ်စခန်းချရာ အေးစခန်းရှိ ပျက်စီးနေပြီဖြစ်သော ဗိုလ်တဲအဆောက်အအုံနှင့် တစ်မိုင်ခန့်အကွာတွင် တောင်ပေါ်ဟိုတယ်တို့ကိုတွေ့ရသည်။ ယင်းတို့ကို ကျော်လွန်လျှင် ကန်ပက်လက်မြို့ နယ်နိမိတ်အတွင်းဝင်ရောက်၍ နက်ရှိုင်းသောစိမ့်တောကြီးများ၊ ရေတံခွန်ရေထွက်များ ပြိုလဲ၍ရေညှိအထပ်ထပ်နှင့် သစ်ပင်ကြီးများတစ်လှည့်၊ နက်ရှိုင်းသော ချောက်နှင့်တောင်ကမ်းပါးတစ်ဖက်အတက်လမ်းကြမ်းဖြတ်သန်း၍ အမြင့်ပေ ၁၀၂၀၀ ရှိလမ်းဆုံသို့ရောက်လေသည်။ ၁၀၂၀၀ မှ သုံးမိုင်ခရီးအကွာတွင် အဖြူ အနီ၊ အဝါ၊ ခရမ်းပြာ ရောင်စုံပန်းခင်းများအလယ်မှ ဒေသခံတို့က ဗွမ်ဟုခေါ်သော ရေညှိဆွေးအမင်များ၊ သစ်ခွပင်များထူထပ်စွာ တွယ်ကပ်လျက် စိမ်းညို့မည်းမှောင်နေသော တောင်ဇလပ်နှင့်ထင်းရှူးပင်ကြီးများအလယ်မှ နတ်မတောင်ထိပ်ကို စတင်မြင်တွေ့ရသည်။ နတ်မတောင်ထိပ်တွင် တောင်ထိပ်စေတီတော်နှင့်ဇရပ်ငယ်တစ်ဆောင်၊ အခြားတစ်ဖက်တောင်ထွတ်ပေါ်တွင် အောင်လံလွှင့်ထူရာ အလံတိုင်နှင့် ငြိမ်းချမ်းသာဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးမြင်နိုင်သည်။ ရုပ်ပွားတော်နှင့် အောင်လံလွှင့်ထူရာ တောင်ကုန်းတွင် ရောင်စုံမြေကပ်ပန်းကလေးများ၊ လှပထူးခြားသော ကြယ်ပုံစံ၊ငါးရိုးပုံစံမြေကပ်ပင်ကလေးများကို အနီးမှာမြင်ရသကဲ့သို့ အဝေးပတ်လည်မိုးကုပ်စက်ဝိုင်းထိကျယ်ပြန့်သော တောင်စဉ်တောင်ထွတ်များကို ဖြူဖွေးသောတိမ်စိုင်ပြင်ကြီးများကြားမှ တိုးထွက်လျက် ချင်းပြည်နယ်၏အမြင့်ဆုံးရှုမြင်ကွင်းကို အံ့သြရင်း အပန်းဖြေသွားရပေမည်။

နတ်မတောင်တက်ခရီးလမ်းတစ်လျှောက် ဗွက်ကလုံ ရစ်တောကြက်နှင့်ကြက်အရွယ်ခန့်ရှိ လွန်စွာရှည်လျားသောအမြီးနှင့် ငှက်မည်းကိုတွေ့ရသည်။ ရှဥ့်၊ မြွေ၊ လိပ်ပြာမျိုးစုံ၊ အင်းဆက်ပိုးမျိုးစုံတွေ့ရသည်။ ချင်းပြည်နယ်အထိမ်းအမှတ်အောက်ချင်းငှက်ကို မတွေ့ရ။ ယင်းတို့စားသုံးသော သီးပင်များရင့်မှည့်ချိန်တွင် မင်းတပ်နှင့်ကန်ပက်လက်နယ်နိမိတ် ထိစပ်နေရာတွင် တွေ့နိုင်သည်ဟု ဒေသခံတို့က ဆိုသည်။ ချယ်ရီတို့ပင်လုံးကျွတ်ပွင့်နေချိန်တွင် ဇန်နဝါရီလမှစတင်၍ ပွင့်မည်ဖြစ်သော တောင်ဇလပ်တို့က အားယူနေဆဲဖြစ်သည်။တိမ်တိုက်ကြီးများ၊ မြူမှုန်တိုက်ကြီးများ တောင်စောင်းကို ဖုံးလွှမ်းသောအချိန် တစ်တောလုံး မည်းမှောင်သွားသည်။ ထူထပ်သောရွက်ကြွေတောများကို ဖြတ်လျှောက်ရသည်။ ငှက်ကြည့်သူများ၏ ဖိုးပိုးတောင်တက်ကားကို ချုံတစ်ခုတွင်တိုးဝင်ရပ်နားထားသည်ကို တွေ့ရသည်။ တူမီးသေနတ်ကိုင် တောလိုက်အဖွဲ့နှစ်စု သုံးစုတွေ့ခဲ့သည်။ ချေဟောက်သံ၊ ကျေးငှက်တို့အော်မြည်သံများကြားရသည်။

နတ်မတော်အာဆီယံအမွေအနှစ်အမျိုးသားဥယျာဉ်ကြီးအား တိုးချဲ့လာသော စိုက်ခင်းမြေ၊ စည်းကမ်းမဲ့သစ်ခိုးမှု၊ အမဲလိုက်ခြင်းများမှ ကာကွယ်၍ ရေရှည်လှပတည်တံ့အောင် ထိန်းသိမ်းရင်း တောင်တက်ခရီးသွားဗဟုသုတရှာနိုင်ပါကြောင်း။ ။



# အီရတ်တွင် လေကြောင်းတိုက်ခိုက်မှု အီရန်အတည်ပြု



**ဘဂ္ဂဒက် ဒီဇင်ဘာ ၆**

အီရတ်အာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ အီရတ်နိုင်ငံတွင်းရှိ အစ္စလာမ့်စစ်သွေးကြွများအား ပစ်မှတ်ထား၍ ၎င်း၏နိုင်ငံက လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း အီရန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်ဟု ဗြိတိန်နိုင်ငံ ဂါဒီယန် သတင်းစာက ယနေ့ဖော်ပြသည်။

**ကိုးကားဖော်ပြ**

အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အစွန်းရောက် ဆွန်နီအစ္စလာမ့် စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည့် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်မဟုတ်ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အီဘရာဟင်ရာဟင်ပူးဝါး၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

**ပြောကြားခဲ့**

ယင်းသို့တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်မှာ အီရတ်နိုင်ငံအတွင်းမှ ၎င်းတို့၏မိတ်ဆွေများ အကျိုးစီးပွားကို ကာကွယ်ခြင်းဖြစ်ကြောင်း လန်ဒန်မြို့၌ တွေ့ဆုံမေးမြန်းစဉ် ရာဟင်ပူးဝါးက ပြောကြားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ရာဟင်ပူးဝါးသည် နိုဝင်ဘာလနှောင်းပိုင်းတွင် အီရန်နိုင်ငံနှင့် နယ်စပ်ချင်းကပ်နေသော အီရတ်နိုင်ငံ ဒီယားလာပြည်နယ်တွင် အီရန်၏လေကြောင်းတိုက်ခိုက်ခြင်းကို အတည်ပြုပြောကြားသော ပထမဆုံး အီရန်တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည်။

**ရိုက်တာ။**

# တရုတ်လုံခြုံရေးအရာရှိဟောင်း အကျင့်ပျက်မှုဖြင့် ဖမ်းဆီးခံရ

**ပေကျင်း ဒီဇင်ဘာ ၆**

တရုတ်လုံခြုံရေးအရာရှိဟောင်း ကောင်းယုံခမ်းအား အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနတွင် ယနေ့ဖော်ပြသည်။

နိုင်ငံ၏ထိပ်တန်းအရာရှိကိုးဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော ကောင်းယုံခမ်းကို ကွန်မြူနစ်ပါတီမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ယမန်နေ့ကကျင်းပသော ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအစည်းအဝေးတစ်ရပ်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

ကောင်းယုံခမ်းသည် ပင်စင်မယူမီအချိန်ထိ တရုတ်ပြည်ထဲရေးအရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအချိန်တွင် ၎င်းအပါအဝင် သူ၏နောက်လိုက်အပေါင်းအပါများနှင့် ဆွေမျိုးသားချင်းများကိုလည်း လာဘ်ပေးလာဘ်ယူအကျင့်ပျက်မှုများတွင် ပါဝင်ပတ်သတ်မှု ရှိ၊ မရှိ စစ်ဆေးနေသည်။

ကောင်းယုံခမ်းကို ပါတီစည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ခြင်း၊ တံစိုးလက်ဆောင်များ ယူဆောင်ခြင်း၊ ပါတီနှင့် နိုင်ငံတော်ဆိုင်ရာ လျှို့ဝှက်ချက်များ အပြင်သို့ ပေါက်ကြားစေခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုများ ကျူးလွန်ခြင်းတို့ဖြင့် စွဲချက်တင်ထားသည်။

သမ္မတရှီကျင့်ဖျင်သည် အာဏာရရှိသည့်အချိန်မှစ၍ အကျင့်ပျက်ခြစားမှုပပျောက်ရေးစီမံချက်ကို အစိုးရအဖွဲ့နှင့် ပါတီအဖွဲ့ဝင်များအကြား ကျောသားရင်သား မခွဲခြားဘဲ အသေအချာကြပ်မတ် လုပ်ဆောင်နေကြောင်း သိရသည်။ ထို့ပြင် ဂုဏ်ပြုထမင်းစားပွဲများမှအစပြု၍ ကြီးကျယ်ခမ်းနားသော အစီအစဉ်များကို ပြုလုပ်ခြင်းမှ ပိတ်ပင် ခဲ့သည်။

အစိုးရအဖွဲ့နှင့်အာဏာရကွန်မြူနစ်ပါတီတို့တွင် ထင်ရှားကျော်ကြားသော ထိပ်တန်းအရာရှိကြီး ခုနစ်ဦးကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးပြီးဖြစ်ကြောင်းလည်းသိရသည်။

**စီအန်င်အန်င်။**

# အမေရိကန်ဂျာနယ်လစ်နှင့် တောင်အာဖရိကကျောင်းဆရာ ကယ်ဆယ်ရေးကြိုးပမ်းမှုအတွင်း သေဆုံး



**ဆန်နာ ဒီဇင်ဘာ ၆**

ယီမင်နိုင်ငံတွင် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ၏ ဖမ်းဆီးခြင်းခံထားရသည့် အမေရိကန်သတင်းစာဆရာ လုခ်ဆွန်းမားစ်နှင့် တောင်အာဖရိကကျောင်းဆရာတစ်ဦးမှာ အမေရိကန်နှင့် ယီမင်တပ်ဖွဲ့များ၏ ကယ်ဆယ်ရေးကြိုးပမ်းမှုတစ်ခုအတွင်း သေဆုံးသွားကြောင်း ယီမင်အမျိုးသားလုံခြုံရေးဗျူရိုအကြီးအကဲ ဗိုလ်ချုပ်အလီ အယ်ခ်အာမာဒီက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားလိုက်သည်။

ဆွန်းမားစ်မှာ စီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားကြောင်း၊ စစ်သွေးကြွများ၊ ဖမ်းဆီးထားသည့် အခြားဓားစာခံများကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အခြားဓားစာခံဖြစ်သူ တောင်အာဖရိကကျောင်းဆရာ ပီယယာရီကော်ကီမှာလည်း သေဆုံးသွားကြောင်း ကယ်ဆယ်ရေးအုပ်စု Gift of the Givers က ပြောကြားသည်။ အမေရိကန်ဓားစာခံတစ်ဦး လွတ်မြောက်ရေးဆိုင်ရာ စစ်ဆင်ရေးမှာ အောင်မြင်ခဲ့သည့်အပြင် ၎င်းအား ဖမ်းဆီးထားသည့် အယ်လ်ခိုင်ဒါ တပ်ဖွဲ့ဝင် ၁၀ ဦးအား သုတ်သင်ခဲ့ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက အစောပိုင်းတွင် ပြောကြားထားခဲ့သည်။

မူဘာရက်အယ်လ်ဟာရတ် ဦးဆောင်သည့် အယ်လ်ခိုင်ဒါအုပ်စုကို ပစ်မှတ်ထားတိုက်ခိုက်သည့် အဆိုပါ စစ်ဆင်ရေးကို ယီမင်နိုင်ငံတောင်ပိုင်း ရှာဘွာ ပြည်နယ် ဝါဒီအဒန်အယ်လ်ဒါကွာဒေသတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ်အပြင် အမေရိကန်နှင့် ယီမင်တပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုတစ်ကြိမ်တည်း ပါဝင်ခဲ့ကြောင်း ဒေသဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးက ဆိုသည်။

**ရိုက်တာ။**

# အယ်လ်ခိုင်ဒါအဖွဲ့အကြီးအကဲတစ်ဦးအား ပါကစ္စတန်အစိုးရတပ်ဖွဲ့များက သုတ်သင်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၆**

နယူးယောက်နှင့် လန်ဒန်မြို့၌ ခရီးသည်တင် ရထားများ ဗုံးဖောက်ခွဲတိုက်ခိုက်ရန်စီစဉ်သူအဖြစ် စွပ်စွဲခြင်းခံရသူ အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့၏ အထက်တန်းတာဝန်ရှိသူတစ်ဦး ပါကစ္စတန်၌ သတ်ဖြတ်ခံခဲ့ရကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသ၌ ပါကစ္စတန်အစိုးရတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်စဉ် အက်နန်အဲလ်ရှူကရီဂျူမက်အမည်ရှိ စစ်သွေးကြွခေါင်းဆောင်သေဆုံးသွားခြင်းဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။



**စွပ်စွဲပြောကြား**

သေဆုံးသွားသူ ရှူကရီဂျူမက်မှာ အယ်လ်ခိုင်ဒါအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်ရေးအဖွဲ့ဝင်အကြီးအကဲဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)က သတ်မှတ်ထားပြီး ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွှာမျှော်စင်အား တိုက်ခိုက်ခဲ့မှုတွင် ကြိုးကိုင်သူခါးလစ်ရှိတ်ကစ်မိုဟာမက်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်သူဖြစ်ကြောင်း စွပ်စွဲပြောကြားသည်။

ရှူကရီဂျူမက်သည် ဆော်ဒီအာရေဗျနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင်လည်း နှစ်အတန်ကြာနေထိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြေအောက်ရထားဘူတာရုံတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ရန် လူသုံးဦးကို စီစဉ်ညွှန်ကြားသူနှင့် ပူးပေါင်းကြံစည်သူအဖြစ် အမေရိကန်ဖက်ဒရယ်တရားရုံးက စွဲချက်တင်ခံထားရသူဖြစ်သည်။

**သံသယမကင်းမှုများရှိခဲ့**

အလားတူပင် အယ်လ်ခိုင်ဒါအဖွဲ့က စီမံညွှန်ကြားခဲ့သော ပနားမား၊ နော်ဝေနှင့် ဗြိတိန်နိုင်ငံတွင်းမှ တိုက်ခိုက်မှုများအတွက်လည်း ၎င်းအပေါ် သံသယမကင်းမှုများ ရှိခဲ့သည်။

**ဘီဘီစီ။**

# ဗြိတိန်က ပါရှန်းပင်လယ်ကွေ့တွင် ရေတပ်အင်အား တိုးချဲ့မည်



**မနားမား(ဘာရိန်း) ဒီဇင်ဘာ ၆**

ပါရှန်းပင်လယ်ကွေ့ဒေသအတွင်း၌ ဗြိတိန်နိုင်ငံ၏ စစ်အင်အားတိုးချဲ့ရန်အတွက် ဘာရိန်းနိုင်ငံနှင့် သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဖီလစ်ဟန်မွန်က ပြောကြားသည်ဟု ယနေ့ ဗီဘီအိုင်သတင်းတွင်ဖော်ပြသည်။

ဘာရိန်းနိုင်ငံ မြို့တော်မနားမား၌ စနေနေ့တွင် ကျင်းပသည့် လုံခြုံရေးကွန်ဖရင့်တွင် အဆိုပါစာချုပ်ကို ဟန်မွန်က ကြေညာခဲ့ခြင်းဖြစ်သည်။ ၎င်းက ပါရှန်းပင်လယ်ကွေ့မဟာမိတ်နိုင်ငံများ၏ လုံခြုံရေးကို အာမခံချက်ပေးခဲ့သည်။

ရေနံကြွယ်ဝသော ပါရှန်းပင်လယ်ကွေ့အတွင်း၌ တော်ဝင်ရေတပ်မတော် အမြဲတမ်းဖြန့်ကြက်ထားရှိမှုကို ယင်းစာချုပ်က အခိုင်အမာဖြစ်စေသည်ဟု ၎င်းကဆိုသည်။

ထိုသဘောတူစာချုပ်တွင် ဗြိတိသျှတော်ဝင်ရေတပ်စခန်းဖွင့်မည့် ဘာရိန်းနိုင်ငံ မီနာဆော်လ်ဗန်ဆိပ်ကမ်း၌ စစ်လက်နက်ပစ္စည်းများနှင့် စစ်ဝန်ထမ်းများအတွက် အဆောက်အအုံများတိုးချဲ့ရန် ဖော်ပြထားသည်။ ဘာရိန်းနိုင်ငံတွင် အမေရိကန်ရေတပ်၏ အမှတ်-၅ တပ်ဖွဲ့စခန်းဖွင့်ထားနှင့်ပြီးဖြစ်သည်။

**ဗီဘီအိုင်။**

ပြည်တွင်းရေးရာ

# စွမ်းရည်ရှိသည့်အမျိုးသမီးတစ်ဦးသည် ကောင်းမွန်သော မိသားစုဘဝ၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်စွမ်းရှိ

**ရန်ကုန် ဒီဇင်ဘာ ၆**

စွမ်းရည်ရှိသည့် အမျိုးသမီးတစ်ဦးသည် ကောင်းမွန်သော မိသားစုဘဝ၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ် ဒုတိယနေ့အခမ်းအနားတွင်ပြောကြားသည်။

ယနေ့အချိန်သည် အမျိုးသမီးများ၏ခေတ်ဟုပင် ခေါ်တွင်နိုင်ပြီး အမျိုးသမီးများသည် အစိုးရပိုင်းဆိုင်ရာ အဆင့်မြင့်ရာထူးများနှင့် လွှတ်တော်အတွင်း၌ နေရာရလာကြကြောင်း၊ သို့ရာတွင် ကမ္ဘာ့နေရာအချို့၌ အမျိုးသမီးများသည် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဝန်ဆောင်မှု၊ သတင်းအချက်အလက်ရရှိနိုင်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှုများ၌ ကန့်သတ်ခံနေရဆဲဖြစ်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကလည်း ရှိနေဆဲပင်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်သည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကသော့ချက်ဖြစ်ပါကြောင်း အဆိုပါအခမ်းအနားတွင် ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသမီးဖိုရမ်၏ စီးပွားရေးနှင့်လူမှုအသိုက်အဝန်းဆိုင်ရာ အမှုဆောင်အရာရှိချုပ် Ms. Jacqueline Franjou က "အမျိုးသမီးများရဲ့ အရေးကိစ္စဟာ ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စပါပဲ။ မြန်မာနဲ့အာဆီယံဒေသတွင်း အဆင့်မြင့်ကဏ္ဍတွေမှာ အမျိုးသမီးတွေ ပိုမိုပါဝင်လာဖို့ လိုအပ်ပါတယ်။ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ဟာ စီးပွားရေးနဲ့လူမှုအသိုက်အဝန်းကို ဖွံ့ဖြိုးတိုးတက်စေနိုင်ပါတယ်" ဟု အဆိုပါ ဖိုရမ်၌ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် ၎င်းနှင့်ဆက်နွယ်နေသော ဒေသတစ်ခုလုံးမှ အမျိုးသမီးများ၏ မျက်နှာစုံညီအစည်းအဝေးပွဲများ၊ စကားအချေအတင်ပြောဆိုခြင်းများ ပြုလုပ်နိုင်ရန် ကျယ်ပြန့်သော ကဏ္ဍအသီးသီးမှ အကြောင်းအရာ ခေါင်းစဉ်အမျိုးမျိုး အမျိုးသမီးထု၏အသံကို ထင်ဟပ်စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အမျိုးသမီးဖိုရမ် ဒုတိယနေ့အခမ်းအနား ပထမပိုင်း၌ အာဆီယံဒေသတွင်း စိတ်ချယုံကြည်ရသော ရင်းနှီးမြှုပ်နှံမှုပေါ်ထွန်းစေခြင်း၊ STEM အတွင်းသို့ အာဆီယံအမျိုးသမီးများ ပိုမိုပါဝင်နိုင်ရန်စီစဉ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများမှ ပိုမိုစိတ်ပါဝင်စားလာစေရန် ဖော်ဆောင်ခြင်းနှင့် ဘဏ္ဍာရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ဒုတိယပိုင်းအစီအစဉ်တွင် ခလေ့ထုံးတမ်းနှင့် ခေတ်ရေစီးကြောင်းအကြား ချိန်ညှိပေးခြင်း၊ ယဉ်ကျေးမှုနှင့်ဘာသာတရားဆိုင်ရာ တန်ဖိုးထားမှုများ အသွင်ကူးပြောင်းနေခြင်းကဏ္ဍ၊ အာဆီယံအတွင်း အမျိုးသမီးထုအခွင့်အရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ဝန်ဆောင်မှုများအပေါ် အာဆီယံလူထု၏ စီးပွားရေးကဏ္ဍ အကျိုးသက်ရောက်မှုများ၊ လွတ်လပ်သောထုတ်ဖော်မှုနှင့် ပွင့်လင်းမြင်သာမှုအတွက် လိုအပ်ချက်၊ အာဆီယံပညာတတ် အမျိုးသမီးများ၏စွမ်းအားကို သုံးသပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အပေါ် စီမံခန့်ခွဲခြင်းနှင့် ဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် အမျိုးသမီးများအတွက် ရှေ့တန်းမှရပ်တည်မှုအစရှိသည့် ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေးကြသည်။

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးဖိုရမ် ဒုတိယနေ့အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး၊ ပြင်သစ်နိုင်ငံအခြေစိုက် Women's Forum အဖွဲ့မှ တာဝန်ရှိသူများနှင့် ကဏ္ဍအသီးသီးမှကိုယ်စားလှယ် ပေါင်း ၉၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးများဖိုရမ်ကို ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့သည်။ ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ **(မြတ်သန္တာမောင်)**



# တက္ကစီယာဉ်မောင်းများ လိုက်နာသိရှိသင့်သောအချက်များ သုံးရက်တာပညာပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

တက္ကစီယာဉ်မောင်းများအနေဖြင့် ခရီးသည်ဝန်ဆောင်မှုပေးရာတွင် သိရှိလိုက်နာဆောင်ရွက်သင့်သောအချက်များကို သုံးရက်တာပညာပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တက္ကစီအငှားယာဉ် ကြီးကြပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မြို့က ပြောသည်။

**ယင်းသို့** ပညာပေးရာတွင် မောင်းနှင်သူ၊ စီးနင်းသူများ ခါးပတ်ပတ်၍ သွားလာသင့်ကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ခြင်းဖြင့် စီးနင်းသောခရီးသည်များ၏ အသက်အန္တရာယ်လုံခြုံစိတ်ချမှုကို ပေးစွမ်းနိုင်စေကြောင်းကိုလည်းကောင်း၊ တက္ကစီယာဉ်၏ ဘီးများတွင် လေပေါင်ပြည့်ပြည့်ဝဝရှိစေရန် လုပ်ဆောင်သင့်ပြီး ယင်းကဲ့သို့လုပ်ဆောင်မှုကြောင့် အကျိုးရှိစေသည့်အချက်များကို လည်းကောင်း စသည့် ခရီးသည်ဘေးကင်းလုံခြုံစေရေးကို အထောက်အကူပြုစေမည့်အချက်များဖြင့် တက္ကစီယာဉ်မောင်းများသိရှိရန် လုပ်ဆောင်မည်ဖြစ်သည်။

ထိုအငှားယာဉ်တက္ကစီများကို လွန်ခဲ့သောအောက်တိုဘာ ၁ ရက်မှစ၍ မြို့တော်စည်ပင်လက်အောက်မှ မထသ(ဗဟို)လက်အောက်သို့ လွှဲပြောင်းထားရှိကာ မထသ(ဗဟို)အောက်ရှိ ခရိုင်လေးခုမှကိုင်တွယ်ဆောင်ရွက်ရာတွင် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်မှုလုပ်ငန်းများ ယခင်ကထက် ပိုမိုမြန်ဆန်စေရန် ဆောင်ရွက်ပေးခြင်းနှင့် မှတ်ပုံတင်သည့်အခါ ပေးသွင်းရသော ငွေကြေးများ လျှော့နည်းသက်သာစေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးနောက် ယခုတစ်ဖန် တက္ကစီစီးနင်းသော ခရီးသည်များ လုံခြုံစိတ်ချမှုရှိစေရန် ယာဉ်မောင်းများက လိုက်နာသင့်သောအချက်များကို ပညာပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

**ထက်ခိုင်(စမ်းချောင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

International Fund for Agricultural Development

IFAD
Investing in rural people

VACANCY ANNOUNCEMENT FOR NATIONAL
Country Programme Officer at NO-C Level
IFAD Country Office in Naypyitaw, Myanmar
Fixed Term, 2 years (renewable)

[illegible]

ဒေါက်တာဇော်ဝင်းသိန်း
CIMA (UK)
(Global Professional Qualification for Business Leaders)
Jan 2015 Intake (for May 2015 Exams)
LCCI (UK)
(စာရင်းကိုင် Diploma သင်တန်းများ)
LCCI Discount 10% for Early Enrollment
ZAW BUSINESS SCHOOL
Enroll Now!
: 299288, : 0950-13589, : 0950-74974

# ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှားလူထုအားကစား

## ခင်တင့်ဝေ(မြို့တော်စည်ပင်)

ယနေ့ကမ္ဘာ့နိုင်ငံတိုင်းမှာ အလေးပေးဆောင်ရွက်နေသည့် လုပ်ငန်းကြီးတစ်ခုမှာ "လူတိုင်းကျန်းမာ ဤကမ္ဘာ"ဆိုသည့်စကားရပ်ကို အကောင်အထည်ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)၏ဆောင်ပုဒ်သည် (Move for All)လူတိုင်းလှုပ်ရှား အားကစားနှင့် (Move for Health) လူတိုင်းကျန်းမာဖို့ အားကစားလှုပ်ရှားစို့ ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

နိုင်ငံ၏ လူမျိုးတည်တံ့ခိုင်မြဲရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်မှုအပေါ်တွင် မူတည်လျက်ရှိပါသည်။ လွတ်လပ်မှုနှင့် လူမျိုးပြုန်းတီးခြင်းမှကာကွယ်ရန် ကျန်းမာကြံ့ခိုင်မှုဖြင့် ကြိုတင်ပြင်ဆင်ရမည်ဟု ဗြိတိသျှကာယဗလဖခင်(မက်ဖက်ဒင်)က လှုံ့ဆော်ရေးသားခဲ့ပါသည်။

ထို့ကြောင့် ကံ၊စိတ်၊ဥတု၊အာဟာရ ဟူသော အကြောင်းတရားလေးပါးနှင့်အညီ လူဖြစ်လာသောအခါ လူသားတိုင်းအတွက်အရေးကြီးဆုံးနှင့် အဖိုးမဖြတ်နိုင်သောအရာမှာ "အာရောဂျံ ပရမံ လာဘံ" ဟူသည့် ကျန်းမာရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် အနောက်တိုင်းစကားပုံများတွင် "HEALTH IS WEALTH" ကျန်းမာခြင်းသည် ချမ်းသာခြင်းဖြစ်သည်။ " Health is the Greatest Treasure" ကျန်းမာခြင်းသည် အကြီးမြတ်ဆုံးရတနာတစ်ပါးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

ကျွန်ုပ်တို့မကြာမကြာ ကြားနေရသော မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့်"အာရောဂျံ ပရမံလာဘံ ဆိုစကားများ သိထားရပေမည်။ လုပ်အားကိုယ်စီတူညီပေးဖို့ တို့များကိုယ်စီကျန်းမာဖို့လိုသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ အဖိုးမဖြတ်နိုင်ပါသည်။ စိတ်မှာတွေး ကျန်းမာရေး အဓိကဖြစ်ပေသည်တို့ယုံကြည်"နှင့် "စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ ကိုယ်ခန္ဓာသန်စွမ်းစေဖို့ စိတ်နှလုံးရွှင်ပြုံးစေဖို့ သူငယ်ချင်းအပေါင်းအသင်းများနှင့်ပျော်ဖို့ရွှင်ဖို့ကျန်းမာစေဖို့၊ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"ဆိုသည့်သီချင်းစာသားသည် လူသားအားလုံးအတွက်ကျန်းမာရေးသည် ဘဝတစ်သက်တာတွင် အရေးအကြီးဆုံး၊ အကြီးမြတ်ဆုံး ရတနာတစ်ပါးဟု သတိပြုသင့်ပေသည်။

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အလွန်လိုအပ်လှပေသည်။ ငယ်ရွယ်နုပျိုစဉ်ကပင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားကို လိုက်စားသင့်ပေသည်။ ဘက်စုံထူးချွန်သော ကျောင်းသားတစ်ယောက်ဖြစ်လာရေးအတွက် ပညာကြိုးစားရုံဖြင့် မလုံလောက်နိုင်ပါ။ ကိုယ်လက်လှုပ်ရှား အားကစားကို လိုက်စားမှသာလျှင် ကိုယ်ကာယကြံ့ခိုင်လာမည်။ ကိုယ်ကာယကြံ့ခိုင်မှသာ စိတ်ဓာတ်ဖွံ့ဖြိုးပြီး ဉာဏ်ပညာရှင်သန်ထက်မြက်လာပေမည်။ Sound mind Sound Body, စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်းဟုဆိုပါသည်။ လူငယ်လူရွယ်တိုင်းသည် နိုင်ငံ၏ အရေးပါသောအင်အားစုဖြစ်သည်။ ထို့ကြောင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရမှ အကောင်ထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူငယ်များအတွက် ကျန်းမာရေး၊ ပညာရေးအစီအစဉ်များ အပါအဝင် အကျင့်စာရိတ္တကောင်းမွန်ရေးသာမက လူ့ဘဝ၏စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် ပညာရေးစနစ်သစ်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ "ကျန်းမာရေးနှင့် ဘက်စုံပညာတိုးတက်မြင့်မားရေး"ဟူသော ဆောင်ပုဒ်ကို ဖော်ပြထားပေသည်။

အားကစားဟူသည် စိတ်ပျော်ရွှင်ရေးနှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးကို ဖန်တီးပေးနိုင်သကဲ့သို့ လူငယ်အချင်းချင်း ဆုံစည်းမိကာ မိတ်ကောင်းဆွေမွန်များဖြစ်လာနိုင်ပါသည်။ အားကစားစည်းကမ်းများကို သိရှိနားလည်လိုက်နာရာမှ လူ့စည်းကမ်းဆိုသည်ကိုလည်း အလေးအနက်ခံယူတတ်သည့် အကျင့်ကောင်းများရရှိနိုင်ပါသည်။ ထိုကဲ့သို့ အားကစားစိတ်ဓာတ် အစဉ်အလာကောင်းများ သန္ဓေတည်လာခြင်းဖြင့် လူငယ်တို့၏ ပညာသင်ဘဝတွင် ကောင်းမွန်သော စိတ်ဓာတ်ရေးရာဖြစ်လာပြီး အနာဂတ်ဘဝကိုပါ ကြီးစွာသောအထောက်အပံ့ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့်လည်း ယနေ့နိုင်ငံတော်သည် အားကစားဝန်ကြီးဌာနကြီးကြပ်မှုဖြင့် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းကျောင်း "အားကစားနှင့် ကာယပညာသိပ္ပံကျောင်း"ကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရသည် အမျိုးသားရေး စွမ်းအားစုများကို အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်မာလာရေးအတွက် လူမှုရေး ဦးတည်ချက်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသည့် ဦးတည်ချက်နှင့်အညီ နိုင်ငံနှင့်အဝှမ်း ကျန်းမာရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ လက်တွဲ၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနကို အားကစားဝန်ကြီးဌာနဟူ၍ တိုးချဲ့ဖွင့်လှစ်လိုက်ပြီးနောက် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်ကိုချမှတ်ခဲ့ရာ ဦးစားပေးအပိုဒ်(၁)တွင် "အားကစားကို အခြေခိုင်မာလာစေရန်အတွက် အားကစားနှင့်ကာယပညာကို ထိထိမိမိပေါင်းစည်းဆက်စပ်ဆောင်ရွက်သွားရန်၊ အားကစားနှင့် ကာယပညာသိပ္ပံတွင် အားကစားနှင့်ပညာရေးပေါင်းစပ်၍ ပြိုင်တူသင်ကြားမှုအစီအစဉ်ကို ဆောင်ရွက်သွားရန်နှင့် ပြည်သူတစ်ရပ်လုံးပါဝင်လှုပ်ရှားသည့် လူထုအားကစား (Mass Sports) ကို မြှင့်တင်ဆောင်ရွက်သွားရန်"ဟူ၍ ဖော်ပြထားပါသည်။

ထို့အပြင် အားကစားဝန်ကြီးဌာန၏ မူဝါဒ(၃)ရပ်တွင် အပိုဒ်(၂)၌ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံးတစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရမည်" ဟု ဖော်ပြထားပါသည်။ သို့မှသာ လူထုအားကစားလှုပ်ရှားမှုမှ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်ထက်မြက်သော အားကစားလူရည်ချွန်များမွေးထုတ်နိုင်မည်ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်မှာ လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွန်းလာပြီး အားကစားဘက်ဆိုင်ရာများတွင်လည်း တိုးတက်မြင့်မားလာကြောင်း တွေ့ရှိရပေသည်။

အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာ ခံယူချက်(၃)ရပ်တွင်လည်း-

(၁) အားကစားမြင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်။

(၂) အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်။

(၃) အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းအခြေအနေကို ဖော်ပြနေသည်ဟု ညွှန်းဆိုထားပါသည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မှန်ကန်သောစေတနာဖြင့် ဆောင်ရွက်ပေးနေချိန်တွင် ကျွန်ုပ်တို့နိုင်ငံသားအားလုံးကလည်း တစ်ယောက်မှတစ်ရာ တစ်ရာမှတစ်နိုင်ငံလုံးတိုင်အောင် လက်တွဲညီညီဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လူထုအားကစားများတွင် ပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် နိုင်ငံတော်မှ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အလိုက် လူထုအားကစားလှုပ်ရှားမှုများ ဆောင်ရွက်ပေးနေချိန်တွင် ပါဝင်ဆင်နွှဲခြင်းဖြင့် ကျန်းမာမှုအခြေခံကောင်းများကိုရရှိပြီး လူထုအားကစား(Mass Sports)မှ ထူးချွန်အားကစား(Excellent Sports)သို့ရောက်ရှိကာ နိုင်ငံတော်အတွက် အောင်မြင်သော အားကစားသမားများကို ပေးစွမ်းနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်က မြန်မာ့အားကစားအဆင့်အတန်း မြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် အားကစားမြှင့်တင်ရေး အစီအစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိပါသည်။

ယနေ့သိပ္ပံစက်မှုခေတ် တိုးတက်နေချိန်တွင် လူအများစုသည် သွားလာလှုပ်ရှားမှုများကို စက်ပစ္စည်းအကူအညီများဖြင့် လုပ်ဆောင်လာကြပြီး မိမိခန္ဓာကိုယ်ဖြင့် လုပ်ဆောင်ရသော၊ ခွန်အားစိုက်ထုတ်ရသော လှုပ်ရှားမှုများနည်းလာရာတွင် အဝလွန်ခြင်းများ(Obesity) ဖြစ်လာ၍ သွေးကြောများလှည့်ပတ်မှု ထိုင်းမှိုင်းလာရာတွင် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ သွေးတိုး၊ ဆီးချိုနှင့် အရိုးအဆစ်ရောင်ရမ်းခြင်း၊ စိတ်မှတ်ဉာဏ်ထိုင်းခြင်း စသောရောဂါများ ဖြစ်လာတတ်ပါသည်။ ဤရောဂါများကြိုတင်ကာကွယ်ရန်အတွက် သွေးလေညီညွတ်မျှတစေရန် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းအမျိုးမျိုးကို ပြုလုပ်သင့်ပါသည်။

နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍစုံ မျက်နှာစုံတွင် မိမိနိုင်ငံ၊ မိမိလူမျိုး မျက်နှာမငယ်စေရဘဲ ဂုဏ်သိက္ခာတိုးတက်မြင့်မားရေး၊ သူတစ်ပါးနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ပြင်းပြစွာ အပြိုင်အဆိုင် မနားမနေ ကြိုးစားအားထုတ်နေကြပေသည်။ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အရေးပါသည့် အခန်းကဏ္ဍတွင်ထားရှိပြီး အင်တိုက်အားတိုက် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ အားကစားအဖွဲ့ချုပ်များ၏ စနစ်တကျ စီမံခန့်ခွဲမှု၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၏ ကူညီထောက်ပံ့မှု၊ အားကစားဝါသနာရှင်ပြည်သူများအပါအဝင် တစ်မျိုးသားလုံး၏ အင်တိုက်အားတိုက် အားပေးချီးမြှောက်မှုများသည် အားကစားမောင်မယ်များ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ပြည့်စုံစေမှုအတွက်သာမက စိတ်ပိုင်းဆိုင်ရာ မြင့်မားရေးအတွက် စေ့ဆော်အားပေးမှုများကိုပါ များစွာအထောက်အကူပေးလျက်ရှိပါသည်။

ဤကဲ့သို့ လူထုအားကစားကို တွန်းအားပေးဆောင်ရွက်ရာတွင် အလွယ်ကူဆုံးနှင့် လူကြီးလူငယ် ကျား/မ မရွေး၊ ကစားကွင်းမလို၊ ငွေကုန်ကြေးကျမများသော၊ စုပေါင်းပါဝင်နိုင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ စနေနေ့ နံနက်တိုင်းကျင်းပပေးပြီး လမ်းလျှောက်ခြင်း အကျိုးကျေးဇူးများကိုလည်း အောက်ပါအတိုင်းဖော်ပြ၍ စာနယ်ဇင်းများ၊ ဆိုင်းဘုတ်များစိုက်ထူပြီး "ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား၊ လူထုအားကစား"၊ "သက်ရှည်ကျန်းမာနေထိုင်ဖို့ နေ့စဉ်မှန်မှန် လမ်းလျှောက်ကြစို့"ဟူ၍ လှုံ့ဆော်သတိပေးခဲ့ရာ လမ်းလျှောက်ခြင်းဖြင့်

(၁) ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေနိုင်သည်။

(၂) သက်လုံကောင်းပြီး အမောခံနိုင်သည်။

(၃) အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။

(၄) ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေနိုင်သည်။

(၅) ကိုယ်ခံစွမ်းအားမြှင့်တင်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။

(၆) အကြောအခြင်အရွတ်များ ပျော့ပျောင်းစေပြီး ခန္ဓာကိုယ် ဖျတ်လတ်ပေ့ါပါးလာစေနိုင်သည်။

(၇) သွေးလည်ပတ်မှုကောင်းပြီး အိပ်ပျော်စားဝင်စေသည်။

(၈) စိတ်ဖိစီးမှုလျော့နည်းစေ၍ စိတ်ကြည်လင်လန်းဆန်းစေသည်။

(၉) နေ့စဉ်ပုံမှန် နာရီဝက်ခန့်လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောဘဝကို ပိုင်ဆိုင်နိုင်သည်ဆိုသည့်အချက်များ ဖော်ပြထားခြင်းကို တွေ့ရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ နှစ်စဉ် အစီရင်ခံစာစစ်တမ်းတွင် ကမ္ဘာ့လူဦးရေ နှစ်သန်းခန့်သည် ကိုယ်လက်လှုပ်ရှားမှုနည်းပါး၍ ရရှိသောရောဂါအမျိုးမျိုးကြောင့် အသက်ဆုံးရှုံးရကြောင်း ဖော်ပြထားသည်ကို သတင်းစာများတွင် ဖတ်ရှုရပါသည်။

ယနေ့ကမ္ဘာ့ဆေးသိပ္ပံပညာရှင်အားလုံး တညီတညွတ်တည်း လက်ခံထားကြသော သုတေသနမှတ်တမ်းတွင် ရောဂါတော်တော်များများကို လမ်းလျှောက်ခြင်းကုထုံးဖြင့်သက်သာပျောက်ကင်းနိုင်သည်ဆိုသောအချက်ကို လက်ခံကြပေသည်။

မြန်မာ့အာယုဗေဒဆေးပညာရှင် "အရှင်နာဂသေနဘိဝံသ"ဆရာတော်ကြီးမိန့်ဆိုခဲ့ရာတွင်လည်း လမ်းမှန်မှန်လျှောက်သူသည် အသက်ကို ပြင်းပြင်းရှူထုတ်ခြင်းဖြင့် သွေးလေညီညွတ်မှုကြောင့် လေဖြတ်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါ၊ ညောင်းညာထုံကျင်ကိုက်ခဲသော၊ နာတာရှည်ရောဂါ၊ အသည်းနှင့်ကျောက်ကပ်ဆီးကျိတ်ရောဂါ စသည်တို့ကို တားဆီးကာကွယ်ပေးသည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် အိုမင်းရင့်ရော်ခြင်းနှင့် ဇရာကို တားဆီးပေးသည်ဟု မိန့်ဆိုခဲ့ပါသည်။

လူထုအားကစား(Mass Sports)ဟူ၍ ခေါ်ဆိုရာတွင် လူတချို့က လူထုစုပေါင်းလမ်းလျှောက်ခြင်း တစ်ခုတည်းကိုသာအစွဲပြုနေခဲ့ပါသည်။ အမှန်အားဖြင့် လူထုအားကစားဆိုရာတွင် လူအများစုပါဝင်လှုပ်ရှား ကစားရသော ရိုးရာခြင်းလုံးခတ်ခြင်း၊ ထုပ်ဆီးတိုးခြင်း၊ ကြက်ဖခွပ်ခြင်းနှင့် ခေတ်သစ်အားကစားဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်စသည့် ကိုယ်လက်လှုပ်ရှားအားကစားနည်းအမျိုးမျိုးကို ထည့်သွင်းအသိအမှတ်ပြုရမည်ဖြစ်သည်။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သောကြောင့် "ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သားအားလုံး အရင်းမပါသည့် ကျန်းမာရေးကို အထောက်အကူပြုသော လမ်းလျှောက်ခြင်းဟူသော အားကစားလှုပ်ရှားမှုပြုလုပ်ကြပြီး ကျန်းမာကြံ့ခိုင်သောလူများဖြင့် နိုင်ငံတော်ကြီးဘက်စုံတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ မြန်မာဟေ့လို့ ကြွေးကြော်နိုင်အောင် ဆောင်ရွက်ကြရာမှာ တက်ညီလက်ညီပါဝင်ဖို့ တိုက်တွန်းရေးသားလိုက်ပါသည်။ ။

---



သန်လျင်မြို့နယ် ဒီဇင်ဘာပြည်သူ့အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက်က နာရီစင်လမ်းဆုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ အင်အား ၄၀၀ကျော်တို့တပျော်တပါး ပါဝင်ဆင်နွှဲစဉ်။

**သန်းဝင်း(သန်လျင်)**

## ကြံခင်း၌ လူထုလမ်းလျှောက်ပွဲကျင်းပ

**ကြံခင်း ဒီဇင်ဘာ ၆**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး ပညာရည်တိုးတက်မြင့်မားစေရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပထမပတ်ကို ဒီဇင်ဘာ ၆ ရက် နံနက် ၅နာရီက ကြံခင်းမြို့နာရီစင်ရှေ့မှ စတင်ကာ ကျီးတောရိုးတံတားအထိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်မှဒေသခံပြည်သူများ စုစုပေါင်း ၃၉၆ ဦးပါဝင်ကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ပြေးခုန်ပစ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မသူ (ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# ဗုဒ္ဓဂယာကျောင်းဆရာတော်၏ ဝိဇာတပူဇာမွေးနေ့မင်္ဂလာအခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒ(ဗုဒ္ဓဂယာဆရာတော်)၏ သက်တော် (၈၀)ပြည့် ဝိဇာတပူဇာမွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသော မေတ္တာသုတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တပည့် ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ခြင်း၊ ဇကပိုဒ်ရတုနှင့် ဝိဇာတဂုဏပူဇာအောင်ရတုတို့ဖြင့် သီကျူးပူဇော်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခ ဒေါက်တာ ပဝရာဘိဝံသ ထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော်နှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ဗုဒ္ဓဂယာကျောင်းဝင်းအတွင်းရှိ လိုတရ မဟာဗောဓိစေတီတော်မြတ်ကြီး၏ မော်ကွန်းကမ္ပည်းကို ဖွင့်လှစ်ပေးကြသည်။

**(ခင်ချိုဝင်း)**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Kisaburo ISHII ဦးဆောင်သော အဖွဲ့အား ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။**(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် ဂျပန်နိုင်ငံ၌ Global Positioning System (GPS)ကို အခြေခံသည့် Continuously Operating Reference Station(CORS) များ တည်ဆောက်၍ ခေတ်မီနည်းစနစ်သုံး တိကျသည့် မြေပုံထုတ်လုပ်မှု၊ မြေအသုံးချမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသည့် မြေပုံထုတ်လုပ်မှု၊ မြေပြင်ထိန်းမှတ်များ စိုက်ထူ၍ တိုင်းတာမှု၊ နယ်နိမိတ်တိုင်းတာမှုနှင့် နယ်နိမိတ် မှတ်တိုင်များ စိုက်ထူမှု၊ အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းပြီး မြေအသုံးချမှုမူဝါဒနှင့် ဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေမှု၊ တစ်နိုင်ငံလုံးတွင် မြေပုံတစ်ခုတည်းကိုသာအသုံးပြုသည့် One Map Myanmar လုပ်ငန်းစဉ် စီမံဆောင်ရွက်နေမှု၊ မြေပုံထုတ်လုပ်ခြင်း၊ အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်ဆိုင်ရာလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်နေမှုတို့ကို ဆွေးနွေးကြသည်။



ဆက်လက်၍ အနာဂတ်ကာလတွင် မြေပုံထုတ်လုပ်မှု၊ မြေအသုံးချမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးကြကြောင်း သိရသည်။

**(ကြေးမုံ)**

■

# ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးပညာရှင်များအဖွဲ့ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးပညာရှင်များအဖွဲ့ ပညာရေးမြှင့်တင်မှုကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာကျောင်းများ၌ မိဘဆရာအသင်းများ ဖွဲ့စည်းခြင်းနှင့် ကျောင်းကောင်စီများ ဖွဲ့စည်းဆောင်ရွက်မည့်ကိစ္စ၊ သက်ကြီးပညာရေးဖွံ့ဖြိုးတိုးတက်မှု(၁၉၇၆)အပေါ် အကြံပြုချက်ကိစ္စဆွေးနွေးခြင်း၊ ပညာရေးဘွဲ့ စာပေးစာယူ နှစ်နှစ်သင်တန်း ပထမနှစ်လျှောက်လွှာခေါ်ယူခွင့် စိစစ်ဆောင်ရွက်ရေးကိစ္စ၊ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတင်ပြခြင်းကိစ္စ၊ တက္ကသိုလ်ပဋိညာဉ်များရေးဆွဲရေးနှင့် ကြိုတင်ပြင်ဆင်ရေးကိစ္စ၊ တက္ကသိုလ်၏ ဝန်ထမ်းရေးရာကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက်၊ အပိုင်းလိုက်ရှင်းလင်းတင်ပြကြရာ အကြံပေးပညာရှင်များနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် အကြံပေးပညာရှင်များအဖွဲ့ ဆွေးနွေးပွဲသို့ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ပညာရှင်အကြံပေးအဖွဲ့ နာယက ဦးသန်းဦးနှင့် အကြံပေးအဖွဲ့ဝင်ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ ၁၈ ခုတို့မှ အဖွဲ့ခေါင်းဆောင်များ၊ ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ဝင် ဥပဒေပညာပါမောက္ခများနှင့် ဆရာဆရာမများက ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# ဂျပန်နည်းစနစ်သုံး နမူနာပြမီးပွိုင့်(၁၀)နေရာတွင် ယာဉ်ထိန်းရဲပါဝင်မှုမရှိဘဲ ယာဉ်ကျပ်တည်းမှုကို ဒီဇင်ဘာဒုတိယပတ်တွင် စမ်းသပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့ ယာဉ်ကျပ်တည်းမှုများကို ဂျပန်နည်းပညာသုံးနမူနာပြရွှေ့ပြေးစမ်းသပ်မည့်အချက်ပြမီးပွိုင့်(၁၀) နေရာကို ဂျပန်-မြန်မာ WAKO ကုမ္ပဏီက အချက်ပြမီးနှင့်ဆက်စပ်စက်ပစ္စည်းများတပ်ဆင်ပေးခဲ့ရာ ဒီဇင်ဘာ ၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီး၍ ဒီဇင်ဘာ ဒုတိယပတ်တွင် စတင်စမ်းသပ်တော့မည်ဖြစ်ကြောင်း ဂျပန်-မြန်မာ WAKO ကုမ္ပဏီမှ CEO SATORU OGAWA ကပြောကြားသည်။

ဆက်လက်၍ SATORU OGAWA က နမူနာပြမီးပွိုင့်(၁၀)နေရာတွင် အချိန်မှတ်စက်(Memory)၊ အချက်ပြမီးပွိုင့်စက်များတပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းရာ“အခုတပ်ဆင်ထားတဲ့စက်များဟာ လူတန်းစားအလွှာစုံတို့ရဲ့ ယာဉ်များကိုခွဲခြားသိနိုင်မှာမဟုတ်ဘဲ ယာဉ်ကျပ်တည်းမှုများကိုသာ အချိန်နဲ့တစ်ပြေးညီ ယာဉ်အနည်းအများကို လျှော့ချပေးနိုင်တဲ့ စက်တွေဖြစ်ပါတယ်။ Model အနိမ့်အမြင့်၊ ယာဉ်အမျိုးအစားအမျိုးမျိုးသွားလာမှုကို မခွဲခြားဘဲ ယာဉ်အနည်းအများအလိုက် မီးပွိုင့်ကပေးပို့သော Data များကို ဗဟိုထိန်းချုပ်စက်မှသိရှိပြီး ယာဉ်ထိန်းရဲမလိုဘဲ အလိုအလျောက်ထိန်းသိမ်းနိုင်ပြီး မီးစိမ်းရင်သွား၊ မီးဝါရင်အရှိန်လျှော့၊ မီးနီရင်ရပ်စနစ်ကို ကျင့်သုံးထားတဲ့ အတွက် အခုရွှေ့ပြေးစမ်းသပ်တဲ့စနစ်မှာ လူနှင့်ယာဉ်တွေကို စက်က အန္တရာယ်ကင်းအောင် သတိပေးတားမြစ်ချက်တွေကိုအချိန်ယူလေ့လာပြုလုပ်ထားတဲ့အတွက် ပြည်သူအားလုံးလိုက်နာမယ်ဆိုရင် ယာဉ်ကျပ်တည်းမှုကို သိသိသာသာလျှော့ချနိုင်မှာဖြစ်ပါတယ်”ဟု ရှင်းပြသည်။

“ဂျပန်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဖို့ဆိုရင် မူကြိုကျောင်းသားတွေကစပြီးကျောင်းတွေအားလုံးမှာ ကျောင်းပညာနဲ့အတူ ယာဉ်စည်းကမ်းလိုက်နာမှုနဲ့ ယာဉ်စီးဆင်းပြောင်းလဲသတ်မှတ်တဲ့စနစ်သစ်များကို သင်ကြားပေးမှုများရှိသလို ရန်ကုန်မြို့ YCDC အနေနဲ့ သက်ဆိုင်ရာနဲ့ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မယ်ဆိုရင် ယာဉ်ကျပ်တည်းမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

မီးပွိုင့်များမတပ်ဆင်မီ ရန်ကုန်မီးပွိုင့် ၁၆၉ နေရာကို ၂၀၁၄ ခုနှစ် ဧပြီလကစပြီး စူးစမ်းလေ့လာမှုအကြိမ်ကြိမ်ပြုလုပ်ပြီး ဂျပန်နိုင်ငံတွင် အကောင်းဆုံးအဖြေရှာခဲ့ပြီး အသင့်တော်ဆုံး၊ ဖြစ်နိုင်ခြေအရှိဆုံးစနစ်ကို ရွေးချယ်ထားတဲ့အတွက် အခုတပ်ဆင်စမ်းသပ်မှုဟာ WAKO ကုမ္ပဏီရဲ့ ယုံကြည်အောင်မြင်မှုကို မီးပွိုင့်စက်များက အသိအမှတ်ပြုသွားမယ့်အပြင် ယာဉ်ကျပ်တည်းမှုကြောင့် နေ့စဉ်ကြုံတွေ့နေတဲ့ အများပြည်သူတို့ရဲ့စိတ်ဒုက္ခကိုလည်း ကုစားနိုင်ပြီး ဒီကနေ့တပ်ဆင်ထားတဲ့ မီးပွိုင့် ၁၀ နေရာ စမ်းသပ်အောင်မြင်မှုရရှိရင် ရန်ကုန်မြို့ မီးပွိုင့်စနစ်ကို မှန်မှန်ကန်ကန်စနစ်တကျကျင့်သုံးမယ်ဆိုရင် ယာဉ်ကျပ်တည်းမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်”ဟု ဂျပန်-မြန်မာ WAKO ကုမ္ပဏီမှ CEO ကပြောသည်။

ဆက်လက်၍ ကမ္ဘာအေးဘုရားလမ်းရှိမြကျွန်းသာ၊ အင်းလျားကန်ပေါင်အနီးတွင်ရှိသော အချက်ပြ မီးပွိုင့် ၁၀ နေရာကို ထိန်းချုပ်မည့် ဗဟိုထိန်းချုပ်စက်



တပ်ဆင်မှုကို ဒီဇင်ဘာ ၈ ရက်က တပ်ဆင်ပြီးနောက် နမူနာပြ ရွှေ့ပြေးစမ်းသပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တာဝန်ရှိသူက ရှင်းပြသည်။

**(စောသိန်းဝင်း)**






# နေပြည်တော်ကောင်စီနယ်မြေအတွင်း တောင်သူများဝင်ငွေတိုးရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သစ်သီးဝလံစိုက်ခင်းများ၊ ခေတ်မီအဆင့်မြင့် အအေးခန်းတည်ဆောက်ရေးလုပ်ငန်း၊ အဆင့်မြင့်စက်မှုလယ်ယာမြေစနစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများ၊ ခေတ်မီအဆင့်မြင့်တန်(၂၀၀)ကျ ဆန်စက်တည်ဆောက်ရေးလုပ်ငန်းများ၊ သန့်စင်ပြီး မျိုးစပါးများဖြန့်ဖြူးရန် အသင့်ဖြစ်မှုများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒီဇင်ဘာ ၆ ရက်က ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ အော်ဂဲနစ်စိုက်ကွင်းတွင် အော်ဂဲနစ်နည်းပညာဖြင့် စနစ်တကျစိုက်ပျိုးထားသော ထိုင်ဝမ်မူရင်းမျိုး သဘော်စိုက်ခင်းကြီးများ၊ စင်တင်ဘူးစိုက်ခင်းများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့အကြား ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော တစ်ဆက်တစ်စပ်တည်း ဧက ၂၂၀ စက်မှုလယ်ယာမြေစနစ် လယ်ကွက်ကြီးများ၊ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်စနစ်များကို စက်ယန္တရားများဖြင့် အကောင်အထည်ဖော်နေမှုများကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ မြန်မာ့လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း(MAPCO)မှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော တစ်နေ့တန်(၂၀၀)ကျ ခေတ်မီဆာတာကေးဆန်စက် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**(ယာပုံ)**

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း မျိုးစေ့ထုတ်စိုက်ကွင်းမှ မျိုးစေ့များ နေရောင်ခြည်စနစ်ဖြင့် အခြောက်ခံနေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ဧက ၄၄၀ စိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း၊ မျိုးစေ့သန့်စင်စက်ဖြင့် သန့်စင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အပင်ပေါက်နှုန်း စမ်းသပ်နေသည့် ယာယီဓာတ်ခွဲခန်းအတွင်းရှိ သုတေသနပညာရှင်များကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ယခုနွေစပါးစိုက်ပျိုးရာသီတွင် ဧက ၄၄၀ အပြည့်အဝ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်(F-1)မျိုးစေ့ထုတ် စိုက်ကွင်းကြီးများ အကောင်အထည်ဖော်ရန် ထွန်စက်ကြီးများဖြင့် ထွန်ယက်ပြုပြင်နေမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများ လက်ဝယ်ဖြန့်ဖြူးရန် ခေတ်မီသိုလှောင်ရုံသို့ ရောက်ရှိပြီး ဖြန့်ဖြူးရန်အသင့်ဖြစ်နေသော (F-1)မျိုးစေ့များအား စနစ်တကျသိုလှောင်ထားရှိမှုများကို စစ်ဆေးပြီး တောင်သူများ လက်ဝယ်သို့ အရည်အသွေးအားဖြင့် စိတ်ချယုံကြည်အားထားရသော မျိုးစေ့များဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေတွင် အခြေခံစိုက်ပျိုးကြသော တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးအတွက် ရာသီအလိုက် စိုက်ပျိုးထွက်ရှိလာသော သီးနှံများကို ဈေးကွက်သို့ချိတ်ဆက်ပြီး တင်ပို့ရောင်းချသည့်အဆင့်အထိ စံပြစိုက်ကွင်းများထူထောင်ပြီး တောင်သူများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားတွင် ငွေသားအလှူရှင် ၄၁ ဦးတို့က ငွေကျပ် ၂၅၉ သိန်း ၁ သောင်းနှင့် စာအုပ်အလှူရှင် ၄၆ဦးတို့က သုတရသစာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ် စုစုပေါင်း ငါးသိန်းဝန်းကျင် အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆၄ သိန်း ၂ သောင်း တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးလက်ဒေသနေပြည်သူများ အသိအမြင်ဗဟုသုတ ကြွယ်ဝရေး၊ သတင်းအချက်အလက်တစ်ခု ကြားသိပါက ပြည်သူများ အမှား၊ အမှန်ခွဲခြားနိုင်သည့် ဉာဏ်ပညာစွမ်းရရှိရေးနှင့် ပြောင်းလဲလာမည့် ဒီမိုကရေစီအနှစ်သာရကို ပီပီပြင်ပြင်သိရှိနားလည်နိုင်သည့် အသိပညာ၊ ဗဟုသုတရရှိရေးစသည့် ရည်ရွယ်ချက်များဖြင့် စာကြည့်တိုက်များကို ယခင်ကဖွင့်လှစ်ခဲ့ကြောင်း၊ ထိုစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ရန် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကို ၂၀၁၀ ခုနှစ် မေလတွင်ဖွဲ့စည်းခဲ့ပြီး ရန်ပုံငွေကျပ်သိန်း ၇၀၀၀ ဖြင့် လုပ်ငန်းများစတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရှိ စာကြည့်တိုက်များအား စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်လာစေရေး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းသားများ ကျောင်းစာသာမက အထွေထွေ ဗဟုသုတရရှိအောင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ပြည်သူများလှူဒါန်းထားသည့် ငွေအားများကို စာဖတ်သူပြည်သူများထံသို့ လက်ဆင့်ကမ်း ပေးခြင်းဖြစ်သဖြင့် ပြည်သူများ၏အားပေးကူညီမှု လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ကမ္ဘာ့ရတနာဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၂၅ သိန်း၊ ချိုချိုကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅ သိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ် ၁၅ သိန်းနှင့် Elite Geonet Co., Ltd. မှ ဦးမျိုးမင်းမင်းစိုးနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်အိကေသွယ်မင်းတို့က ငွေကျပ် ၁၀ သိန်း၊ ဂါမဏီမော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မြင့်က ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ KZS International Service မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းက ငွေကျပ်ခုနစ်သိန်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်အသင်း၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသန်းဦး(ပညာတန်ဆောင်)က သုတစာအုပ်ပေါင်း ၆၀၄၂၀၊ မောင်မျိုး(ကြောင်နှစ်ကောင်စာပေ)က စာအုပ်ပေါင်း ၂၅၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေနှင့် သုတရသစာအုပ်၊ စာစောင်များကို ဆက်လက်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက မြန်မာနိုင်ငံတစ်ဝန်းတွင် ပြည်သူများ စာပေဗဟုသုတတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ထားသော စာပေရေချမ်းစင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းငွေကျပ် ၆၄ သိန်း ၈ သောင်းနှင့် မြန်မာတစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၇၄၆ သိန်း တို့ကို ပြန်လည်ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်မှုမှတ်တမ်း ဗီဒီယိုပြသပြီးနောက် အလှူရှင်တစ်ဦးဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဝမ်းမြောက်စကားပြန်လည်ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ပြည်သူများ၏ လှူဒါန်းငွေဖြင့် ကျေးလက်ဒေသအရောက် စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များ တည်ထောင်လျက်ရှိရာ ယနေ့အထိ စံ(၅)ချက်ညီ စာကြည့်တိုက်ပေါင်း ၆၀၀၀ ကျော် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**❒ အားကစားမှ**

ပထမထပ်တွင် Function Hall ခန်း၊ V.I.P နားနေခန်း၊ Theatre နှစ်ခန်း၊ Computer Lab ခန်း၊ Language ခန်း၊ Department အခန်း သုံးခန်း၊ စာသင်ခန်း ခုနစ်ခန်း၊ Utility အခန်းခြောက်ခန်းနှင့်သန့်စင်ခန်းများ ပါဝင်သည်။

ဒုတိယထပ်တွင် Department အခန်း သုံးခန်း၊ Seminar ခန်းနှင့် သန့်စင်ခန်းတို့ပါဝင်ပြီး တတိယထပ်တွင် စာသင်ခန်း နှစ်ခန်း၊ Hall ခန်းနှင့် သန့်စင်ခန်းများပါဝင်သည်။

အဆိုပါ အားကစားတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးမည်ဟု ခန့်မှန်းထားသည်။

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားသိပ္ပံကျောင်း လေးကျောင်း ဖွင့်လှစ်ထားရှိရာ ယခုအားကစားတက္ကသိုလ် တည်ဆောက်ပြီးစီးပါက တိုက်ကွမ်ဒိုအကယ်ဒမီ၊ ဂျူဒိုအကယ်ဒမီ၊ ပြေးခုန်ပစ်အကယ်ဒမီ၊ ဘောလုံးအကယ်ဒမီနှင့် အားကစားနည်း ၄၀ ခန့်ကို အားကစားနှင့် ပညာရေးပေါင်းစပ်၍ နိုင်ငံတကာအဆင့်မီ သင်ကြားမွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ကျောင်းသားဦးရေ ၁၂၅၀ ခန့် လက်ခံသင်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

❒❒

# မြန်မာယူ-၁၂ အသင်း ကွာတားအဆင့်မှထွက်ခဲ့ရ

**ရန်ကုန် ဒီဇင်ဘာ ၆**

မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် Super Mokh U-12 ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲနှင့် ကွာတားပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ကွာတားအဆင့်တွင် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၁၂ အသင်းမှာ အုပ်စုနောက်ဆုံးပွဲတွင် မလေးရှားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမနေရာရရှိခဲ့သည်။ ညနေပိုင်းတွင် ကွာတားပွဲစဉ်အဖြစ် ထိုင်းကလပ် ချောင်ဘူရီ လူငယ်အသင်းနှင့်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းမှာ ကစားပုံကောင်းမွန်သော်လည်း ပွဲဆက်များခဲ့သောကြောင့် ပွဲပန်းကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**

# စာရေးဝန်ထမ်းအခြေခံသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျန်းမာရေးဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုဖော်ဆောင်နိုင်ရေးနှင့် အဓိကအကျဆုံးနှင့် ချက်ချင်းဖြေရှင်းရန် အခက်ခဲဆုံးသည် လူသားအရင်းအမြစ်ပင် ဖြစ်ကြောင်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ဝန်ထမ်းတိုင်း အခြေခံအနေဖြင့်မလွဲမသွေ သိရှိထားရမည့် ကိစ္စများဖြစ်ကြောင်း၊ သင်တန်းကပို့ချမည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို အခြေခံပြီး ဆတက်ထမ်းပိုးဖတ်ရှုလေ့လာ သိရှိနားလည်ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ အခြေခံဝန်ထမ်းကောင်းများ ရရှိမှသာလျှင် မြင့်မားကြီးလေးသည့် တာဝန်များ ထမ်းဆောင်ရာတွင် သော်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်လာပြီး ကျန်းမာရေးဝန်ကြီးဌာန၏ စွမ်းဆောင်ရည်များ မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ စာရေးဝန်ထမ်းသင်တန်းသား သင်တန်းသူ ၁၅၂ ဦးတက်ရောက်ကြကြောင်း သိရသည်။**(ကြေးမုံ)**



မြန်မာစာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲ စာစစ်ဌာန စာဖြေခန်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတမှ**

မဟာတန်းတွင် ၁၈၄၇ ဦးနှင့်ပါရဂူတန်းတွင် ၂၃၇၆ ဦး စုစုပေါင်း ၄၈၈၀ ဦး လျှောက်ထားခဲ့သည်။

အဆိုပါ လျှောက်ထားသူအားလုံးအား အရည်အချင်းစစ်စာမေးပွဲအဖြစ် ဗြိတိသျှကောင်စီ၏ Aptis Test ကို ခုံနံပါတ်အလိုက် နေ့ရက်များ ခွဲခြားကျင်းပရာ ယနေ့ပထမအသုတ် ဖြေဆိုခြင်းဖြစ်သည်။ အရည်အချင်း စစ်စာမေးပွဲ ဖြေဆိုသူများသည် ယနေ့နံနက်တွင် စာစစ်ဌာနများသို့ မိမိကိုယ်ပိုင်အစီအစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပို့ဆောင်ပေးသောကြို/ပို့ယာဉ်များဖြင့် လည်းကောင်း လာရောက်ဖြေဆိုကြသည်။

Aptis Test မှာ အဓိကအားဖြင့် ဖြေဆိုသူများ၏ အင်္ဂလိပ်စာအရည်အသွေးကို စစ်ဆေးသော ကွန်ပျူတာအခြေပြု စာမေးပွဲဖြစ်ပြီး နံနက် ၈ နာရီခွဲမှ ၉ နာရီခွဲအထိ ဖြေဆိုနည်းလမ်းညွှန် ရှင်းလင်းပြသပြီး နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ စာမေးပွဲကျင်းပရာ စာစစ်ဌာနတည်ရှိရာ တက္ကသိုလ်များ၏ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။

စာစစ်ဌာန ၁၀ ခုတွင် ယနေ့ကျင်းပသော စာမေးပွဲများသို့ ဝင်ရောက်ဖြေဆိုရမည့် စာရင်းရှိဦးရေ ၁၃၈၀ အနက် ဖြေဆိုသူ စုစုပေါင်း ၈၆၇ ဦး လာရောက်ဖြေဆိုပြီး ၅၁၃ ဦးဖြေဆိုရန် ပျက်ကွက်ခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၂ ဒသမ ၈၃ ရာခိုင်နှုန်းဖြေဆိုခဲ့ပြီး ၃၇ ဒသမ ၁၇ ရာခိုင်နှုန်း ပျက်ကွက်ခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း စာစစ်ဌာနများတွင် လျှပ်စစ်မီးမပြတ်စေရေးအတွက် ကူညီဆောင်ရွက်ပေးသည့်အပြင် စာစစ်ဌာနများတည်ရှိရာ တက္ကသိုလ်များ၏ ကိုယ်ပိုင်မီးစက်များနှင့် တိုင်းဒေသကြီး/ပြည်နယ်မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ကိုယ်ပိုင်မီးစက်များကို လည်း အရန်စီစဉ်ထားကြောင်း သိရသည်။

နယ်မှလာရောက်ဖြေဆိုသူများအနေဖြင့် ယာဉ်စီးလက်မှတ်တင်ပြသူတိုင်းအား အသွားအပြန် ခရီးစရိတ်များကို သက်ဆိုင်ရာစာစစ်ဌာနများတွင် နိုင်ငံတော်ဘဏ္ဍာငွေမှ ပြန်လည်ထုတ်ပေးလျက်ရှိသည်။

ဗြိတိသျှကောင်စီ၏ Aptis Test သည် IELTS နှင့် အလားတူ Test ဖြစ်ပြီး ဖြေဆိုသူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၅ ဒေါ်လာနှုန်းကျသင့်ရာ ဗြိတိသျှကောင်စီမှ ၂၃ ဒေါ်လာကျခံအကူအညီပေးပြီး နိုင်ငံတော်မှ ၃၂ ဒေါ်လာကျခံပေးသွင်းခြင်းဖြင့် လျှောက်လွှာတင်သွင်းသူ ၄၈၈၀ အတွက် နိုင်ငံတော်ဘဏ္ဍာမှ စုစုပေါင်း ၁၅၆၁၆၀ ဒေါ်လာပံ့ပိုးရန် လျာထားပြီး အမှန်တကယ်လာရောက်ဖြေဆိုသူ ဦးရေအတွက်ကိုသာ ပေးသွင်းရမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင် ယနေ့ကျင်းပသော နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲစာစစ်ဌာနစာဖြေခန်းများသို့ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မောင်သင်းတို့က လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဂျပန်-မြန်မာ ရင်းနှီးမှုတိုးပွားပြီး မီဒီယာဖလှယ်ခွင့်ရစေမည့် ရုပ်သံဇာတ်လမ်းတွဲများ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဂျပန်-မြန်မာ ပွဲတော် သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၅ ရက် အရှေ့မြင်းပြိုင်ကွင်းလမ်း စကိုင်းစတားဟိုတယ်၌ ကျင်းပသည်။ ပွဲကျင်းပရခြင်းမှာ ဂျပန်-မြန်မာ နှစ်နိုင်ငံ မီဒီယာပိုင်းဆိုင်ရာ ရင်းနှီးမှုများ တိုးပွားလာစေရန် ဖြစ်သည်။ထို့ကြောင့် NHK ရုပ်သံလိုင်း၏ လူကြိုက်အများဆုံး ရယ်ရွှင်ဖွယ် ဟာသဇာတ်လမ်းတွဲ "အာမာချန်" ကိုမြန်မာနိုင်ငံရုပ်သံလိုင်း MNTVမှ ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဂျပန်-မြန်မာပွဲတော်ကို ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စကိုင်းစတားဟိုတယ်၌ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦး၊ မြန်မာ-ဂျပန်အဖွဲ့မှ ဦးစောလမင်း၊ မြန်မာနေရှင်နယ်တယ်လီဗီးရှင်းမှ ဒေါ်နန်းမောက်လောက်ဆိုင်၊မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီဂူချီ အပါအဝင်NHK မှ တာဝန်ရှိသူများနှင့် မီဒီယာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက "ဂျပန်-မြန်မာပွဲတော်ကို ကျင်းပခြင်းအတွက် နှစ်နိုင်ငံကြား ရင်းနှီးမှုတိုးပွားစေပြီး မီဒီယာဆိုင်ရာ နည်းပညာပိုင်းတွေ ဖလှယ်ခွင့်ရရှိစေပါတယ်။ ဒါ့အပြင် လူမှုရေး၊ စီးပွားရေး လုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမှာပါ။ ဒီပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့ မြန်မာပြည်သူတွေ အနေနဲ့လည်း ပျော်ရွှင်ကြမယ်လို့ ယုံကြည်ပါတယ်"ဟု အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဂျပန်-မြန်မာဆိုင်ရာသံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီဂူချီ က"ပွဲတော်ရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာလူမျိုးတွေနဲ့ ဂျပန်လူမျိုးတွေဟာ ဒီပွဲတော်ကို ပါဝင် ဆင်နွှဲကြပြီးတော့ပျော်ရွှင်မှုတွေကို အတူတူခံစားရစေချင်လို့ပါ။ပွဲတော်ကို ဖြစ်မြောက်အောင် အဘက်ဘက်က အားလုံးပါဝင်ဆောင်ရွက်နေကြတာကို မြင်ရတော့ အရမ်းကို အားကျေနပ်ပါတယ်"ဟုပြောကြားခဲ့သည်။

"ကျွန်တော်တို့ NHK က ကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို မြန်မာနိုင်ငံကလူတွေကို ပြချင်တယ်။ဟာသကားလေးပြရင်ကောင်းမယ်ဆိုတော့ ဂျပန်နိုင်ငံမှာ လူကြိုက်အများဆုံးဖြစ်တဲ့ "အာမာချန်" ဇာတ်လမ်းကို ပြဖြစ်သွားတာပါ။အာမာချန်က ဂျပန်မှာ တကယ်ကို နာမည်ကြီးပါတယ်။ ဟာသချည်းမဟုတ်ဘဲနဲ့ သူငယ်ချင်း၊ လူမှုဆက်ဆံရေးတွေ အများကြီးပါပါတယ်။ဇာတ်လမ်းက ကောင်းပါတယ်။ကျွန်တော်တို့ တကယ်အောင်မြင်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနဲ့ဂျပန်က နည်းနည်းတော့တူတယ်။ ဂျပန်မှာလူကြိုက်များတော့ မြန်မာမှာလည်း ကြိုက်မယ်လို့ထင်ပါတယ်။ အိုးရှင်းနဲ့ မတူတာက ဒါကဟာသကားလေး ဖြစ်နေလို့ပါ။မိသားစုဝင်တွေ အားလုံးလည်း ကြည့်လို့လည်းရပါတယ်။ မိသားစုဝင်တွေ အားလုံးကြည့်ပြီးရင် စိတ်မှာပျော်ရွှင်သွားမယ်လို့ ယုံကြည်မိပါတယ်"ဟု ပြန်ကြားရေး လက်ထောက်မန်နေဂျာ မစ္စတာ မိုတို အိုကာက ပြောသည်။

"အာမာချန်" ဇာတ်လမ်းတွဲသည် ပင်လယ်ရေအောက် ခရုကမာ၊ရေမှော်များကို လိုက်လံရှာဖွေလိုသူတစ်ဦးအဖြစ် ဘဝရပ်တည်လိုသည့် အထက်တန်းကျောင်းသူတစ်ဦးသည် သူမ၏ ဒေသတွင်ရှိသည့် လေ့လာလည်ပတ်နိုင်သည့် နေရာများကို ဗီဒီယိုရိုက်ကူးပြီးအင်တာနက်ပေါ်တင်ရာမှ လူကြိုက်များလာပြီး ထင်ရှားကျော်ကြားသည့် အနုပညာရှင် တစ်ယောက်အဖြစ် ဘဝနေထိုင်မှု ပုံစံပြောင်းလဲသွားခဲ့သည့် မိန်းကလေးတစ်ဦး၏ ဘဝကို နောက်ခံတေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက် အတက်အကျစုံလင်စွာ တင်ဆက်ထားသည့် ဟာသဇာတ်လမ်းတွဲ ဖြစ်သည်။ ယခင်နှစ်က ဂျပန်နိုင်ငံတွင် လူကြိုက်အများဆုံး ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ MNTV ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီမှစတင်ပြီး ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

NHK သည် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာက နောက်ဆုံးရသတင်းတွေအပြင် သဘာဝဒရာမာ၊သီချင်းစသည်တို့နှင့်စိတ်ဝင်စားဖွယ်အစီအစဉ်အမျိုးမျိုးကို ဂျပန်ပြည်တွင်း ရုပ်မြင်သံကြား(၄)လိုင်း၊ပြည်ပရုပ်သံလိုင်း(၂)လိုင်းတို့မှ မြန်မာဘာသာဖြင့်လည်း နေ့စဉ် တစ်နေ့သုံးကြိမ် ထုတ်လွှင့်လျက်ရှိသည်။ NHKရုပ်သံလိုင်းမှ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် သဘာဝအလှတရားများ ထင်ဟပ်ပေါ်လွင်စေသော အစီအစဉ်များကို ထုတ်လွှင့်လျက်ရှိပြီး မြန်မာနိုင်ငံမှာလည်း MNTV,MRTV,4TV-5Network ရုပ်သံလိုင်းတို့နှင့် ပူးပေါင်းပြီး ပညာပေး ဒရာမာ၊ဟာသ၊ကာတွန်း ဇာတ်လမ်းတွဲပေါင်းများစွာကို ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ဇာဏီ**

# မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၆။** ။ ပြည်ခရိုင် ရွှေတောင်မြို့မရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးနှင့် အသက်ငယ်မုဒိမ်းမှု လျှော့ချရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်က လေးကျွန်းဆီမီး ခလရ(၁၄) အလက(ခွဲ)တွင် ပြုလုပ်ခဲ့ရာ ရွှေတောင်မြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူးသန်းထွန်းက မှုခင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူးသန်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန ပဲခူး(အနောက်) စားသုံးသူရေးရာတာဝန်ခံ ဦးစိုးငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောပွဲအပြီးတွင် အသိပညာပေးနှင့်ပတ်သက်၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၄၃)**



## အထက်မြန်မာနိုင်ငံသတင်းစာဆရာအဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**မန္တလေး ဒီဇင်ဘာ ၆**

အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းနှင့် မန္တလေးစာရေးဆရာများပါဝင်သော စာနယ်ဇင်းလေ့လာရေးအဖွဲ့ဝင် ၁၀ ဦးသည် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုဝင်ဘာ ၂၆ ရက်က သွားရောက်လေ့လာခဲ့ပြီး ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ဒုတိယကောင်စစ်ဝန်ချုပ် Mrs. Jin Yiluin နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့သည်။

ယင်းလေ့လာရေး အဖွဲ့သည် ပေကျင်း၊ ရှန်ဟဲ၊ ကူမင်းမြို့များ၌ ခရီးစဉ်ရက်များအတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုလေ့လာခဲ့ပြီး တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ သတင်းစာဆရာများအသင်း၊ ရှန်ဟဲနိုင်ငံတကာချစ်ကြည်ရေးအသင်း၊ ယူနန်ပြည်နယ် သတင်းစာဆရာများအသင်း၊ ယူနန်ပြည်နယ် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့နှင့် သတင်းမီဒီယာလုပ်ငန်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်မှုပိုမိုတိုးတက်နိုင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းဖလှယ်ခဲ့ကြပြီး အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းချစ်ကြည်ရေးအဖွဲ့တွင် အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဥက္ကဋ္ဌ ဦးငွေအောင် (ငွေအောင်-မန်းတက္ကသိုလ်)၊ ဒေါက်တာသန်းထွန်းမြင့် (ဒေါက်တာမြင့်-အာဟာရ)၊ အငြိမ်းစားသမိုင်းပါမောက္ခဦးစော၊ ဦးစိုးဝင်း (စိုးဝင်းဗိုလ်-အရာတော်)၊ မြစ်မခမီဒီယာအဖွဲ့မှ ဦးမိုးမင်းနိုင်၊ လားရှိုးမြို့နယ် သတင်းထောက် ဦးတင်သန်း၊ မန္တလေးမြို့မှ စာရေးဆရာများဖြစ်ကြသော ဆရာဆူးငှက်၊ ဆရာညီစေမင်း၊ ဆရာညီပုလေး၊ ဆရာကျော်ရင်မြင့်တို့ပါဝင်ကြသည်။

**(၁၀၅)**

## ယာဉ်ကြောပိတ်ဆို့မှုနည်းပါးသွားစေဖို့

စာရေးသူတို့လို ရန်ကုန်မြို့တွင် နေထိုင်ကြသူများအတွက် နေ့စဉ်လိုလိုရင်ဆိုင်နေကြရသည့် အခက်အခဲပြဿနာမှာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာပင်ဖြစ်သည်။

နေ့စဉ်လိုလို သွားလာလှုပ်ရှားကြရသည့် အများပြည်သူ၊ ကျောင်းသားကျောင်းသူတို့မှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် အလုပ်အကိုင်အဆင်မပြေတတ်ခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ရခြင်း၊ ကျောင်းတက်ချိန်မီရန်အတွက် ဝီရိယပိုစိုက်ရခြင်းကြောင့် အချိန်ပိုယူရခြင်းများဖြစ်ကြရသည်။ ရုံးတက်ချိန်၊ ကျောင်းချိန်တွင် ယာဉ်ကြောပို၍ပိတ်တတ်သည်။ ရုံးဖွင့်ရက်များနှင့် ကျောင်းတက်ရက်များမှာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များထက် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ပို၍ရင်ဆိုင်ကြရသည်။

ရန်ကုန်မြို့တွင် နေထိုင်ကြသောပြည်သူများမှာ သွားရေးလာရေးတွင် များသောအားဖြင့် ကားများကို အားကိုး၍ သွားလာနေရသည်။ များပြားလာသည့် ကားအရေအတွက်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ နေ့တိုင်းရင်ဆိုင်ကြရသည့်ဒုက္ခမှာ မသေးလှ။

ယခုယာဉ်ကြောပိတ်ဆို့မှုပြဿနာဖြေရှင်းနိုင်ရန် မျဉ်းဝါလိုင်းကြောပေါ်တွင် ကွန်ကရစ်တုံးများချပေးကာ ဘတ်စ်ကားကြီးများအတွက် သီးသန့်လမ်းကြောင်းများ အခိုင်အမာလုပ်ပေးလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ယခင်ကလောက် ဘတ်စ်ကားများ၊ တက္ကစီများ၊ ကိုယ်ပိုင်ကားများ အရောရောအနှောနှောနည်းပါးလာပြီး ယာဉ်ကြောရှုပ်ထွေးမှုလည်း အနည်းငယ်လျော့သွားသလို ထင်မိသည်။ သို့ရာတွင် တချို့သောတက္ကစီများ၊ ကိုယ်ပိုင်ယာဉ်များ၊ ဘတ်စ်ကားများအတွက်ပြုလုပ်ထားသည့် သီးသန့်လမ်းကြောင်းတွင် တွေ့နေရသေးသည်။

မည်သို့ပင်ဖြစ်စေ ယာဉ်ကြောပိတ်ဆို့မှုပြဿနာဖြေရှင်းနိုင်ရန်အတွက် ဘတ်စ်ကားယာဉ်မောင်းများ စည်းကမ်းတကျလိုက်နာရမည့်နည်းတူ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်စသည့် ယာဉ်မောင်းကြသူအားလုံး စည်းကမ်းတကျလိုက်နာမှသာ ယာဉ်ကြော ပိတ်ဆို့မှုပြဿနာ ပို၍နည်းသွားမည်ဖြစ်ကြောင်း စေတနာစကားနှင့် သတိထားရန် ရေးသားလိုက်ရသည်။ **(ဆုပြည့်)**

## ရတနာပုံအသင်းယှဉ်ပြိုင်မည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ဖေဖော်ဝါရီလတွင်စတင်မည်

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် စတင်မည်ဖြစ်ပြီးမြန်မာကိုယ်စားပြုကလပ်ရတနာပုံအသင်းမှာ Play off ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

အာရှ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၅ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်သွားမည်ဖြစ်ပြီး မြန်မာကိုယ်စားပြုကလပ်အသင်းမှာ ပထမဆုံးအကြိမ်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ဟူ၍ ဇုန်နှစ်ဇုန်ခွဲထားပြီး ရတနာပုံအသင်းမှာ အရှေ့အာရှဇုန်တွင် ပါဝင်နေသည်။ ခြေစစ်ပွဲ Play off ပထမအဆင့်ကို ဖေဖော်ဝါရီ ၄ ရက်၊ ဒုတိယအဆင့်ကို ဖေဖော်ဝါရီ ၁၀ ရက်နှင့် တတိယအဆင့်ကို ဖေဖော်ဝါရီ ၁၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ Play off ပထမအဆင့်ကို ရတနာပုံ(မြန်မာ)၊ ဝါရီရွာ(စင်ကာပူ)၊ ဘင်ဂါလူရူး(အိန္ဒိယ)နှင့် ဂျိုဟိုဒါရူး(မလေးရှား)တို့ လေးသင်းယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်သင်းစီကစားစေကာ အနိုင်ရသော နှစ်သင်းမှာ ဒုတိယအဆင့်သို့တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ခြေစစ်ပွဲများကို တစ်ကျော့တည်းသာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဒုတိယအဆင့်၌ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဟောင်ကောင်ကလပ်အသင်းများ၊ တတိယအဆင့်၌ တောင်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်နှင့် ဂျပန်ကလပ်အသင်းများ ပါဝင်လာမည်ဖြစ်ကာ ရတနာပုံအသင်းအနေဖြင့် နောက်ဆုံးအဆင့်ပြိုင်ပွဲဝင်ခွင့်ရရန် အဆင့် သုံးဆင့်ကို ကျော်ဖြတ်ရမည်ဖြစ်သည်။

အာရှချန်ပီယံလိဂ်ပြိုင်ပွဲအတွက် မဲခွဲပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ရတနာပုံအသင်းမှာ ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**



## ဆောင်းရာသီဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်တွင် ဆောင်းရာသီအဆောင်လိုက်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။

အဆောင်လိုက်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိလည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဘောလုံးပြိုင်ပွဲတွင် ပထမဆုကို သံလွင်ဆောင်အသင်း၊ ဒုတိယဆုကို ချင်းတွင်းဆောင်အသင်း၊ တတိယဆုကို ရွှေလီဆောင်အသင်းတို့က ရရှိခဲ့ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုကို ရွှေလီဆောင်အသင်း၊ ဒုတိယဆုကို ဝန်ထမ်းများအသင်းနှင့် တတိယဆုကို စစ်တောင်းဆောင်အသင်းတို့က ရရှိခဲ့သည်။

ပြိုင်ပွဲပထမဆုများကို ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်ခေတ္တကျောင်းအုပ်ကြီး ဦးတင်ဝက ပေးအပ်ပြီး ဒုတိယ၊ တတိယဆုများကို ဌာနမှူးများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**





# စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့အတွင်းတွင် ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာမောင်းနှင်မှုကြောင့် အသံများဆူညံစေပြီး အများပြည်သူ၏စိတ်နှလုံးကို ထိခိုက်စေကာ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာသဖြင့် ထိရောက် စွာအရေးယူနိုင်ရန် စီမံချက်ချမှတ်ကာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အနီးကပ်ကွပ်ကဲ၍ ဒုတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်အား ဦးဆောင်စေပြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် ည ၉ နာရီမှ ဒီဇင်ဘာ ၆ ရက် နံနက် ၁ နာရီခွဲထိ ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာမောင်းနှင်နေသောပြိုင်ကားများနှင့်ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များအား ပိတ်ဆို့ဖမ်းဆီးခဲ့ရာ စည်းကမ်းမဲ့ မောင်းနှင်သည့်ပြိုင်ကားသုံးစီး အပါအဝင် ပါဝါအိပ်ဇောတပ် ဆလွန်း မော်တော်ယာဉ် အမျိုးအစားမျိုးစုံ ၁၄ စီး ပေါင်း ၁၇ စီးတို့အား ဖမ်းဆီးရမိခဲ့သည်။

ယခုကဲ့သို့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်အပြင် အသံဆူညံစွာ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် အများပြည်သူတို့၏စိတ်တွင် အနှောင့်အယှက်ဖြစ်စေပြီး ယာဉ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်စွာအရေးယူနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က စီမံချက်ချမှတ်ကာ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုကဲ့သို့ စည်းကမ်းမဲ့ မောင်းနှင်သော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်ဆင်ထားသည့် မော်တော်ယာဉ်များအား နေ့စဉ်ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိမိတို့၏မော်တော်ယာဉ်များ၌ ပါဝါအိပ်ဇောများတပ်ဆင်မောင်းနှင်ခြင်းမပြုရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ကြရန် အသိပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**






ပန်းဆိုးတန်း-ဒလကူးတို့သင်္ဘောဆိပ်တွင် ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် သင်္ဘောသုံးစင်းဖြင့် အသွား/အပြန် အလှည့်ကျပြေးဆွဲပေးနေသောကြောင့် ခရီးသွားပြည်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။ "သင်္ဘောအသစ်တွေက အရင်သင်္ဘောတွေနဲ့စာရင် ပိုမြန်တယ်၊ ဝန်ထမ်းတွေကလည်း အတက်/အဆင်းမှာ စနစ်တကျဆောင်ရွက်ထားတော့ ပိုပြီးအဆင်ပြေတာပေါ့။ ဒါပေမယ့် စည်းကမ်းမဲ့သူတချို့ကြောင့် ကျော်ခွတွယ်တက်ကြရင်းနဲ့ ရေနဲ့ဘောကြားထဲကိုပြုတ်ကျပြီး အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် စည်းကမ်းရှိစွာ၊ နိုင်ငံကြီးသားပီသစွာ သွားလာကြမယ်ဆိုရင် ကောင်းမွန်မှာပါ"ဟု ခရီးသွားများက ဝေဖန်ပြောဆိုနေကြသည်။ **(၅၉၇)**

# ဝါးတန်းဆိပ်ကမ်းတွင် အထောက်အထားမဲ့ တင်ဆောင်လာသောကြိမ်များ သိမ်းဆည်းရမိ

ရန်ကုန် ဒီဇင်ဘာ ၆

**တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီသည် နိုင်ငံတော်အခွန်ငွေ တိုးတက်ရရှိရေးနှင့် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းအပေါ် ရောက်ရှိရေးအတွက် အဖွဲ့စုံပါဝင်သော (Mobile Team) အဖွဲ့များဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။**

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပြည်တွင်းပြည်ပ ဆိပ်ကမ်း ၁၂ ခုတို့အား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ပြည်တွင်းကမ်းရိုးတန်းသွား ဆိပ်ကမ်းတစ်ခုဖြစ်သည့် ဝါးတန်းဆိပ်ကမ်း တောကလူးအနီး ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်နေသော ရေကြောင်းရဲတပ်ဖွဲ့ ရဲရမာန်(၃၃၁)မှ တာဝန်ရှိသူတစ်ဦး၏ သတင်းပေးချက်အရ မြိတ်မှ ရန်ကုန်သို့ထွက်ခွာလာသော M-S ရန်မျိုးအောင် ရေယာဉ်အား တက်ရောက်စစ်ဆေးရာ စားသောက်ကုန်ပစ္စည်းများနှင့်အတူ အထောက်အထားမဲ့ ကြိမ်များ တင်ဆောင်လာကြောင်း သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် (Mobile Team) အဖွဲ့ထံသို့ ဆက်သွယ်သတင်းပေးပို့ခဲ့သည်။

အဆိုပါဆက်သွယ်သတင်းပေးပို့မှုအရ ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဝါးတန်းအမှတ်(၄)ဆိပ်ကမ်းတွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှတာဝန်ရှိသူများ၊ ခရိုင်အဆင့် သစ်တောမှ တာဝန်ရှိသူများ၊ အမှတ်(၄) ဝါးတန်းဆိပ်ကမ်းမှ (Mobile Team) တာဝန်ခံဦးစီးမှူး ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်စောတို့ ပူးပေါင်းလျက် M-S ရန်မျိုးအောင် ရေယာဉ်ပေါ်သို့တက်ရောက်စစ်ဆေးရာ ရေယာဉ်ပေါ်တွင် အထောက်အထားမဲ့ တင်ဆောင်လာသော ကြိမ်ကြီး ၄၉၈၀ လုံးနှင့် ကြိမ်သေး ၁၆၄၅၀ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သိန်းခန့်တို့အား စစ်ဆေးတွေ့ရှိခဲ့သည်။

သို့ဖြစ်ခြင်းကြောင့် အဆိုပါကြိမ်များ သယ်ဆောင်လာသော ပစ္စည်းပိုင်ရှင် ဦးအောင်မင်း (မန်နေဂျာ ကြယ်နီသုံးလုံးကုမ္ပဏီ)၊ ဦးဇော်ဝင်း(ပဲ့နင်း) နှင့် ဦးစောကိုကိုလေး(ရေယာဉ်စာရေး)တို့အား ရေယာဉ်နှင့်အတူ သစ်တောဥပဒေပုဒ်မ-၄၁(က)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်မြင့်အေး(ပြန်/ဆက်)**

# အုပ်စုဖွဲ့လုယက်နေသူများအား မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ



**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာအပြင်ဘက် ဘုရားလမ်းထိပ်နှင့်အဆင့်မြင့်လမ်းထိပ်တို့တွင် ညပိုင်းအချိန်များ၌ လူမိုက်အုပ်စုကျက်စားနေကြောင်း သတင်းအရ ပူးပေါင်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၈ ရက် ည ၁၀ နာရီခွဲတွင် လုယက်မှုပြစ်ချက်ဟောင်းရှိသူ မဲ့လေး(ခ)ခင်မောင်ဝင်း၊ ဝင်းလွင်ဦး၊ မင်းမင်း၊ ကျော်ဇင်လတ်(ခ)ကုလားတို့လေးဦးအား လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးထံမှ လုယက်ယူဆောင်ခဲ့သော ငွေကျပ် ၆၂၀၀၀ နှင့်ဖုန်းနံပါတ် ၀၉-၃၀၄၅၆၀၁၉ ဆင်းကတ်ပါ SAMSUNG တံဆိပ် အနီ/အနက်ရောင် လက်ကိုင်ဖုန်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် လှိုင်သာယာမြို့မရဲစခန်းက (ပ)၁၇၈၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၂/၅၄ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**







# ၂၀၁၄ အတွင်း ပြည်ပစားအုန်းဆီဈေးနှုန်း ယခုရက်ပိုင်းအနိမ့်ဆုံးသို့ ရောက်ရှိ ပြည်တွင်းရောင်းဈေးပါကျဆင်း၊ စားဖိုဆောင်သုံးကုန်စည်အချို့ဈေးကျဆင်း

**ရန်ကုန် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်းများသည်၂၀၁၄ ခုနှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိလာပြီး ရန်ကုန်ဆီဈေးကွက်တွင်လည်း စားအုန်းဆီဈေးများကျဆင်းလာကြောင်း၊ စားဖိုဆောင်သုံး ကြက်သွန်နီ၊ ကြက်သွန်ဖြူ အိန္ဒိယငရုတ်ရှည်၊ အာလူးဈေးများလည်းကျဆင်းလာကြောင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်မှ သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် ယခုအပတ်အတွင်း ဈေးနှုန်းကျဆင်းလာရာ ကမ္ဘာ့ရေနံဈေးနှုန်း၏ လေးနှစ်အတွင်း အနိမ့်ဆုံးဖြစ်လာ၍ ဇီဝလောင်စာဆီထုတ်လုပ်ရာတွင် အသုံးပြုရန် စိတ်ဝင်စားမှုကျဆင်းလာနိုင်မှုနှင့်အတူ ဝယ်လက်နိုင်ငံအချို့၏ ပေးချေမှု ပျက်ကွက်မှုရှိခဲ့သည်ဆိုသော သတင်းများကြောင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း ပြည်ပဈေးကွက်သတင်းများတွင် ဖတ်ရှုရသည်ဟု နယ်ပို့စားအုန်းဆီအဝယ်တော်တစ်ဦးက ဆိုသည်။

၂၀၁၄ ခုနှစ် မတ် ၁၂ ရက် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၉၆၅ ဒေါ်လာနှုန်းသည် ယခုနှစ်အတွင်း ယနေ့အထိ အမြင့်ဆုံးဈေးနှုန်းဖြစ်နေပြီး စက်တင်ဘာ ၂ ရက် ဈေးနှုန်းဖြစ်သော ၆၉၅ ဒေါ်လာနှုန်းသည် အနိမ့်ဆုံးဖြစ်နေကြောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ၆၉၀ ဒေါ်လာနှုန်း၊ ဒီဇင်ဘာ ၃ ရက် ၆၈၅ ဒေါ်လာသာရှိရာ ယခုရက်ပိုင်းအတွင်း ပြည်ပစားအုန်းဆီဈေးနှုန်းသည် ၂၀၁၄ခုနှစ်ယနေ့အထိ အနိမ့်ဆုံးဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် FOB တစ်တန် ၆၈၅ ဒေါ်လာ၊ ငွေလဲ နှုန်း ၁၀၄၅ ကျပ် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး၁၃၄၈ ကျပ်၊ ဒီဇင်ဘာ ၃ ရက်တွင် FOB ဈေး ၆၉၅ ဒေါ်လာ ငွေလဲနှုန်း ၁၀၄၃ ကျပ်၊ တစ်ပိဿာ အရင်းဈေး ၁၃၆၆ ကျပ်နှုန်းရှိကြောင်း ဆီအသင်းမှ ထုတ်ပြန်သော ပြည်ပဆီဈေးနှုန်းဆိုင်ရာ သတင်းအချက် အလက်များအရ သိရသည်။

ရန်ကုန်ဆီဈေးကွက်ဈေးနှုန်းမှာ နိုဝင်ဘာ ၁၉ ရက်တွင် လက်ကားလက်ငင်းတစ်ပိဿာလျှင် ၁၄၇၀ ကျပ်ရှိရာမှ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ၁၃၅၀ ကျပ်နှုန်းသို့ ကျဆင်းသွားကြောင်း၊ ဒီဇင်ဘာ ၄ ရက်တွင် ဆိပ်ဖြူ ကြက်သွန်နီ တစ်ပိဿာကျပ် ၆၀-၁၇၅-၃၀၀-၅၀၀၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာကျပ် ၁၃၀၀-၁၆၅၀-၁၈၅၀-၂၀၅၀၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာကျပ် ၁၅၅၀-၁၅၇၅၊ အိန္ဒိယငရုတ်ရှည် တစ်ပိဿာ ၃၀၀၀-၃၀၅၀ ကျပ်၊ ရှမ်းအာလူးတစ်ပိဿာ ကျပ် ၆၀၀-၆၇၀-၆၈၀-၇၀၀ နှုန်းရှိရာ နိုဝင်ဘာ ၂၅ ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ကြက်သွန်နီ အလုံးသေး လက်ချောအရွယ် တစ်ပိဿာ ၁၅ ကျပ်၊ လက်တန့်နှင့် လတ်ကြီး ၂၅ ကျပ်၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၅၀ ကျပ်မှ ၁၀၀ ကျပ်အတွင်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ၃၅၀ ကျပ်၊ အိန္ဒိယငရုတ်ရှည်တစ်ပိဿာ ၂၀၀ ကျပ်၊ ရှမ်းအာလူးအလုံးကြီးမှာ တစ်ပိဿာ ၂၀ ကျပ်မှ ၃၀ ကျပ် အသီးသီးဈေးကျလာသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကုန်သည်ပွဲရုံပိုင်ရှင်များနှင့် ကုန်စည်ဒိုင် နေ့စဉ်ဈေးနှုန်းသတင်းများအရ သိရသည်။

၂၀၁၃ ဒီဇင်ဘာ ၄ ရက်တွင် စားအုန်းဆီတစ်ပိဿာ ၁၅၉၀ ကျပ်၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၆၀၀-၇၇၅-၈၂၅-၉၀၀ ကျပ်နှုန်းရှိခဲ့ရာ ယခုနှစ် ဒီဇင်ဘာ ၄ ရက် စားအုန်းဆီရောင်းဈေးနှုန်းသည် ယခင်နှစ်ကာလတူထက် တစ်ပိဿာ ၂၄၀ ကျပ်လျော့နည်းနေကြောင်း၊ ကြက်သွန်နီအလုံးသေးမှာ ယခင်နှစ်ကာလတူ ဈေးနှုန်း၏ဆယ်ပုံတစ်ပုံ (၁၀ ရာခိုင်နှုန်း)သာရှိပြီး အလုံးအကြီးဆုံးရှယ်မှာ ယခင်နှစ်ကာလတူဈေးနှုန်း၏ ထက်ဝက်ကျော် (၅၅ရာခိုင်နှုန်း)သာရှိကြောင်း ဈေးနှုန်းဟောင်းများနှင့် နှိုင်းယှဉ်မှုမှ သိရသည်ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ **(မောင်စေအောင်)**



# အာဆီယံ မသန်စွမ်းသူများ အနုပညာပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

အာဆီယံနိုင်ငံများမှ အောင်မြင်ကျော်ကြားသော မသန်စွမ်းအနုပညာရှင်များနှင့် ပြည်တွင်းမှ ထူးချွန်မသန်စွမ်း အနုပညာရှင်များ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်ကျင်းပသည့် အာဆီယံ မသန်စွမ်းသူများ အနုပညာပွဲတော် (IMMENSE SPECTRUM ASEAN Festival of Disabled Artists)ကို ဒီဇင်ဘာ ၅ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ မြို့မကွင်း (မိုင်ဒါကွင်း)၌ကျင်းပခဲ့သည်။

အဆိုပါအာဆီယံ မသန်စွမ်းသူများ အနုပညာပွဲတော်တွင် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ အကြားအာရုံ မသန်စွမ်းသူများ၊ အမြင်အာရုံ မသန်စွမ်းသူများ၊ ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် ဉာဏ်ရည်မသန်စွမ်းသူ အနုပညာရှင်များက အက အလှ အဆို အတီးများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။


အနုပညာပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ မယုယသူက "မသန်စွမ်းသူတွေကို ဒီလိုလုပ်ပေးခြင်းအားဖြင့် မသန်စွမ်းသူတွေကလည်း သူတို့ရဲ့အစွမ်းအစတွေကို သူတို့ယုံကြည်မှုရှိလာမယ်။ ပြည်သူလူထုကလည်း ဒီလိုပွဲတွေ လာရောက်ကြည့်ရှုခြင်းအားဖြင့် မသန်စွမ်းသူတွေမှာလည်း ခံစားတတ်တဲ့ နှလုံးသား၊ ခံစားတတ်တဲ့ အနုပညာရှိပါလားဆိုပြီး တစ်ခါတည်းသိသွားမယ်" ဟုပြောသည်။

အနုပညာပွဲတော်တွင် ထူးခြားမှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ကိုယ်အင်္ဂါ မသန်စွမ်းသူများက ဝှီးချဲအကဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ ဉာဏ်ရည် မသန်စွမ်း ကလေးငယ်များက စည်းလုံးချင်းအတွက်သီချင်းတစ်ပုဒ် သီချင်းဖြင့် လည်းကောင်း**(အပေါ်ပုံ)**၊ ဂျပန်နိုင်ငံမှ အကြားအာရုံမသန်စွမ်းသူများ၏ဗုံတီးဖျော်ဖြေမှုများဖြင့် လည်းကောင်း ထူးခြားစွာတင်ဆက်ဖျော်ဖြေခဲ့ကြသည်။

အာဆီယံ မသန်စွမ်းသူများ အနုပညာပွဲတော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့နှင့် အခြားဆက်စပ်အဖွဲ့အစည်းများက ကြီးမှူးပြီး ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ အဓိက ပံ့ပိုးကူညီပေးထားကာ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်နှင့် မြန်မာနိုင်ငံတို့မှ မသန်စွမ်း အနုပညာရှင်များပါဝင်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ အနုပညာပွဲတော်တွင် လူမှုဝန်ထမ်း သက်ကြီးသင်တန်းကျောင်းမှ မသန်စွမ်းသူများ ချုပ်လုပ်ထားသည့်အဝတ်အထည်များ၊ မသန်စွမ်းသူတို့၏ အနုပညာလက်ရာများ၊ လှုပ်ရှားမှုမှတ်တမ်းများအားပြသထားပြီး အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ မသန်စွမ်းသူများပြုလုပ်ထားသည့်အနုပညာပစ္စည်းများကိုလည်း ခင်းကျင်း ပြသရောင်းချထားကြောင်းနှင့် အနုပညာပွဲတော်ကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-သီသီမင်း




# ရွှေဆိုင်အတွင်းမှ ရွှေဝယ်ဟန်ပြု၍ ငွေကျပ် ၁၇ သိန်းကျော် အလစ်သုတ်ခိုးယူမှုဖြစ်ပွား

**ရေတာရှည် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ဗိုလ်ချုပ်လမ်းရှိ ရွှေဆိုင်အတွင်းမှ လက်ကောက် ၁၁ ကွင်းကို အလစ်သုတ်ခိုးယူသွားသည့်ဖြစ်စဉ် ဒီဇင်ဘာ ၅ ရက်က ရေတာရှည်မြို့မရဲစခန်း၌ အမှုဖွင့် တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဆံပင်အလှပြုပြင်ရေးနှင့် ရွှေရောင်းဝယ်ရေးဆိုင်သို့ အမျိုးသမီးနှစ်ဦး ရောက်ရှိလာပြီး အမျိုးသမီးတစ်ဦးက ဆံပင်ညှပ်ပေးရန်ပြော၍ ဆံပင်ညှပ်ပေးနေချိန် ၎င်းနှင့် အတူပါလာသော အမျိုးသမီးက ဆိုင်ဝင်ပေါက်အနီး၌ ဖုန်းဆက်နေခဲ့ကြောင်း၊ မကြာမီ အသက်(၃၅)နှစ်ခန့် အမျိုးသားတစ်ဦး ရောက်ရှိလာခဲ့ပြီး ရွှေထည်ပစ္စည်းများ ပြသခိုင်းသဖြင့် ကလေးလက်စွပ်များကို ထုတ်ပြခဲ့ကြောင်း၊ ထိုအချိန်တွင် ဆံပင်ညှပ်ပြီးသွားသော အမျိုးသမီးက ကလေးအသုံးအဆောင်ပစ္စည်းများကို ပြသခိုင်းသဖြင့် ပြသစဉ် တစ်မျိုးပြီးတစ်မျိုး ပြသခိုင်းနေသည့်အတွက် အဖော်လိုက်လာသော အမျိုးသမီးကို သတိပြုမိခြင်းမရှိဘဲ ဆိုင်အတွင်းမှ ပြန်ထွက်သွားသည်ကို တွေ့မြင်လိုက် ရကြောင်း၊ထိုအချိန်တွင် ရွှေဝယ်ယူ ရန် ရောက်ရှိလာသော အမျိုးသားမှာ မည်သည့်ပစ္စည်းမှ ဝယ်ယူခြင်းမရှိဘဲ ဆိုင်အတွင်းမှ ပြန်ထွက်သွားခဲ့ကြောင်း၊ ၎င်းတို့ ပြန်ထွက်သွားပြီးနောက် ရွှေအရောင်းကောင်တာ အတွင်းတံခါး ပွင့်နေသည့်အတွက် စစ်ဆေးခဲ့ရာတွင် လက်ကောက်လေးပဲ ခုနစ်ရွေးခန့်ရှိ ၁၅ ပဲရည် ခြောက်ကွင်း၊ ကြံဆစ်စိန်တောင်(ခ)ပိတုံးလယ် လက်ကောက် သုံးပဲတစ်ရွေးငါးကွင်း စုစုပေါင်း ကာလတန်ဖိုး ငွေ ၁၇၃၈၉၀၅ ကျပ် ပျောက်ဆုံးသွားသည့်အတွက် အမှုဖွင့်တိုင်တန်းခဲ့၍ ရေတာရှည်မြို့မ ရဲစခန်းက ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှု ဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဒီဇင်ဘာလူထုအားကစား အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်



**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၄ ခုနှစ် နေပြည်တော် ဒီဇင်ဘာ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက မြို့မဈေးရှေ့ သတ်မှတ်နေရာမှ စတင်တာလွှတ်ကျင်းပခဲ့သည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဦးဆောင်ကာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်အတွင်းမှ ကျန်းမာရေး လိုက်စားကြသူ မိဘပြည်သူများအပါအဝင် စုစုပေါင်း အင်အား ၇၁၉၀ တို့ ပါဝင်ဆင်နွှဲကြသည်။

ရှေ့ဦးစွာ နံနက် ၆ နာရီတွင် သေနတ်ပစ်ဖောက်တာလွှတ်ကာ တောင်ညို-ပျဉ်းမနားလမ်းအတိုင်း သပြေကုန်းအဝိုင်းသို့လမ်းလျှောက်ကြပြီး သပြေကုန်းအဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း လက်ယာဘက်သို့ ချိုးကာ ကျောက်မျက်ရတနာပြတိုက်ရှေ့တွင် ပန်းဝင်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက အဆာပြေစားစရာနှင့် ရေသန့်ဘူးများပေးဝေကြသည်။

ယင်းနောက် ကျောက်မျက်ရတနာပြတိုက်ရှေ့သတ်မှတ်နေရာ၌ ပြည်ထောင်စုဝန်ကြီးကဦးဆောင်၍ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ် (၁)နှင့် (၂)တို့ကို တပျော်တပါး စုပေါင်းလေ့ကျင့်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ပရီမီယာလိဂ်အသင်းများ ဒီယေဂိုဂိုဒင်ကို ပစ်မှတ်ထားနေ

အင်္ဂလန် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူး၊ အာဆင်နယ်နှင့် စပါးအသင်းတို့သည် လာမည့် ဇန်နဝါရီကာလအတွင်း အသင်း၏ ခံစစ်ကိုအားဖြည့်ရန်အတွက် အက်သလက်တီကိုအသင်း၏ ဥရုဂွေး နောက်ခံလူ ဒီယေဂိုဂိုဒင်အားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

လီဗာပူးနှင့် အာဆင်နယ်အသင်းတို့မှာ လာမည့်ဇန်နဝါရီကာလအတွင်း ထိပ်တန်းအဆင့် နောက်ခံလူတစ်ဦးကို မဖြစ်မနေ ခေါ်ယူအားဖြည့်ရန် စီစဉ်နေပြီး အက်သလက်တီကိုအသင်းတွင် ခြေစွမ်းပြနေသည့် ဂိုဒင်အား စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဂိုဒင်မှာလည်း အက်သလက်တီကိုအသင်းမှ ထွက်ခွာ၍ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေပြီး လီဗာပူးအသင်းက အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာ ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။ လီဗာပူးအသင်းမှာ ဂိုဒင်၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိနေပြီး မကြာမီရက်ပိုင်းအတွင်း အက်သလက်တီကိုအသင်းထံ တရားဝင်ကမ်းလှမ်းဖွယ်ရှိကြောင်း goal.com က ဖော်ပြခဲ့သည်။

ထို့ပြင် ဂိုဒင်မှာ မန်ယူအသင်းနှင့်လည်း သတင်းများ မကြာခဏပေါ်ထွက်ခဲ့ဖူးသူဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းအား ပရီမီယာလိဂ်ကလပ်များအပြင် ဂျူဗင်တပ်စ်၊ PSG စသည့် ဥရောပကလပ် အသင်းကြီးများကပါ စိတ်ဝင်စားနေခြင်းဖြစ်သည်။ သို့သော် အက်သလက်တီကိုအသင်းမှာ ဂိုဒင်အား လက်လွှတ်ရန်ဆန္ဒမရှိဘဲ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းလာပါက ရောင်းထုတ်သွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။ လီဗာပူးအသင်းမှာ ဂိုဒင်အတွက်ပေါင်သန်း ၂၀ ခန့် သုံးစွဲရန် အသင့်ရှိနေပြီး ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်းသို့ အရောက်ခေါ်ယူသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **(ကိုရဲ)**

## အဆန်စီယိုအား ရီးယဲလ်မက်ဒရစ်အသင်းခေါ်ယူ

ရီးယဲလ်မက်ဒရစ် အသင်းသည် မာရေ့ာကာအသင်းမှ တောင်ပံကစားသမား အဆန်စီယိုအား ခေါ်ယူစာချုပ် လိုက်ပြီဖြစ်ကြောင်း အသင်း၏တရားဝင် ဝက်ဘ်ဆိုက်တွင် အတိအလင်း ကြေညာခဲ့သည်။ အသက်(၁၈)နှစ် အရွယ်သာရှိသေးသည့် တောင်ပံကစားသမား အဆန်စီယိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘောလုံးရာသီကုန်သည်အထိ လက်ရှိကလပ် မာရေ့ာကာအသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။



ရီးယဲလ်မက်ဒရစ် အသင်းနှင့် မာရေ့ာကာအသင်းတို့သည် တောင်ပံကစားသမား အဆန်စီယိုနှင့် ပတ်သက်၍ သဘောတူညီမှုရရှိခဲ့ပြီးနောက် အဆန်စီယိုသည် ရီးယဲလ်မက်ဒရစ်အသင်း၌ ခြောက်ရာသီကြာ ကစားမည်ဟု ကတိပြုထားကြောင်း ရီးယဲလ်မက်ဒရစ်အသင်း၏ တရားဝင် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အစီရင်ခံစာအရ သိရသည်။

တောင်ပံကစားသမား အဆန်စီယိုသည် မာရေ့ာကာအသင်းနှင့်အတူ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ကစားခဲ့သူဖြစ်ပြီး အဆိုပါ ဘောလုံးရာသီတွင် လိဂ်ပွဲပေါင်း ၁၄ ပွဲကစားခဲ့ရာတွင် သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စပိန် ယူ-၁၉ အသင်းတွင်လည်း ပါဝင်ကစားခဲ့သူဖြစ်သည်။

**(နိုင်လင်းကြည်)**

## ဇန်နဝါရီဈေးကွက်တွင် ဘာစီလိုနာကို မွန်တိုယာ စွန့်ခွာမည်

ဘာစီလိုနာ နောက်တန်းကစားသမား မွန်တိုယာသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းမှ ထွက်ခွာရန်ရှိနေပြီး နူးကမ့်ကိုစွန့်ခွာရန်မှာ ရာနှုန်းပြည့်သေချာနေကြောင်း အဆိုပါ ကစားသမား၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

ဘာစီလိုနာ နောက်တန်းကစား အသက်(၂၃)နှစ်အရွယ်ရှိ နောက်တန်းကစားသမား မွန်တိုယာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၁၉ ပွဲ ပါဝင်ကစားပေးခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ တစ်ပွဲသာပါဝင်ကစားပေးနိုင်ခဲ့သည်။

ဘာစီလိုနာ နောက်တန်းကစားသမား မွန်တိုယာသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဟု ဆိုခဲ့ပြီးနောက် ဥရောပတစ်ဝန်းမှ ဂျာမန်ဘွန်ဒက်လီဂါအသင်းများ၊ အင်္ဂလန်ပရီမီယာလိဂ်အသင်းများနှင့် အီတလီစီးရီးအေအသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများ ထွက် ပေါ်လာခဲ့သည်။

**(ငွေကြယ်)**

## ကျေးဇူးတင်လွှာ

၇-၁၁-၂၀၁၄ရက်(သောကြာနေ့)တွင် မင်းကွန်းတိပိဋကဝေရတုခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးခန်းမသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများ၊ Asia Royal Hospital မှ ဆရာဝန်ကြီးများနှင့်အရာထမ်းအမှုထမ်းများ၊ ၁၄-၁၁-၂၀၁၄ရက်(သောကြာနေ့)တွင် "Chatrium Hotel" ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဥပဒေချုပ် ဦးကျော်မိုးနိုင်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော Asia Royal Hospitalမှ ဒါရိုက်တာများ၊ ပါရဂူဆရာဝန်ကြီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၅-၁၁-၂၀၁၄ ရက် (စနေနေ့)တွင် "Sedona Hotel" (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်ဇနီး ဒေါ်အေးအေးချစ်၊ မင်္ဂလာအောင်လက်စွပ်များ ဆင်မြန်းပေးပါသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးစိုင်းထွန်းရင်နှင့်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ချိုချိုခိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၏ဇနီး ဒေါ်မူမူဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနကြီးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ Asia Royal Hospital မှ ပါမောက္ခနှင့် ဆရာဝန်ကြီးများ၊ အရာထမ်းအမှုထမ်းများ၊ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) ညတွင် ရွှေဘဲစားတော်ဆက် (ကန်တော်မင်)တွင် ကျင်းပသော ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သော ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ မင်္ဂလာပွဲများအားလုံးကို အစစအရာရာ အဆင်ပြေစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စည်သူထွန်း-မနှင်းမွန်အိ(ခ)ဂူဂူး**

## abmvldvmuowif;wdm;....

- *မန်စီးတီးဂိုးသမား ဂျိုးဟတ်သည် မန်စီးတီးအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ပါက ကမ္ဘာ့ဈေးအကြီးဆုံးပေးရသည့် ဂိုးသမားတစ်ဦးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။*
- ***ကွင်းလယ်ကစားသမား ဖာဘရီဂတ်၊ တိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် နောက်ခံလူ ဖီးလစ်ပီလူးဝစ်တို့သည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ခြင်းတွင် အဓိကကစားသမားများဖြစ်ကြောင်း ချယ်လ်ဆီးကွင်းလယ်ကစားသမား အော်စကာက ထုတ်ဖော်ပြောကြားလိုက်သည်။***
- *ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သည် ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်အား ဇန်နဝါရီ အပြောင်းအရွှေ့တွင် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသော်လည်း ချယ်လ်ဆီးအသင်းကမူ တိုက်စစ်မှူးဟာဇက်အား စာချုပ်သစ်ထပ်တိုးချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။*
- ***လက်စတာစီးတီးအသင်းသည် အသင်း၏ ကစားသမားအင်အားကို ထပ်မံဖြည့်တင်းရန် လာမည့်ဇန်နဝါရီဈေးကွက်တွင် နောက်တန်းကစားသမားတစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦးခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။***
- *ပြင်သစ်ကြယ်ပွင့် ဒီယာဘီသည် နွေရာသီအပြောင်းအရွှေ့တွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာပါက စာချုပ်သစ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။*






## (၂)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း


ယနေ့တွင် ကျရောက်သောသား မောင်ဝင်းလှိုင်မျိုးထွန်း (Executive Engineer, Max Myanmar Group of Companies)နှင့် သမီး မသီတာဝင်းတို့၏ (၂)နှစ်မြောက် နှစ်ပတ်လည်မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ကျန်းမာသာယာ ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

ဖေဖေ- ဦးဇော်ထွန်း- မေမေ-ဒေါ်ညွန့်မြင့်
ရန်ကုန်

ဖေဖေ- ဦးဝင်းတင်- မေမေ-ဒေါ်ယဉ်ယဉ်အေး
ပြင်ဦးလွင်







## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၂-၂၀၁၄ရက် ကြေးမုံသတင်းစာပါ စာမျက်နှာ(၁၄)တွင် ထည့်သွင်းကြော်ငြာထားသော လမ်းအထူးအဖွဲ့(၁၄)၏ အိတ်ဖွင့်တင်ဒါအမှတ် (၃/၂၀၁၄-၂၀၁၅) တွင် ပါရှိသည့် အပိုဒ်(၁)အား အောက်ပါအတိုင်း ပြင်ဆင်အပ်ပါသည်။

၁။ "၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (ဖြည့်စွက်)နှင့် အထူးပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်း များအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။" ဟု ပြင်ဆင်အပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအတွက်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါ အမှတ်(၁၀/၂၀၁၄-၂၀၁၅)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန e-Govemment လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါ အရေအတွက်အတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Server with Rack Enclosure (Dell Power Edge R 720) (၁)လုံး
(ခ) HP Scanjet 5590 Digital Flatbed Scanner (၁၂)လုံး

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၀၁တွင် ၈-၁၂-၂၀၁၄ ရက်မှစ၍ လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၁၉-၁၂-၂၀၁၄ ရက် ၁၀း၃၀ နာရီတွင် ပိတ်ပါမည်။

သစ်တောဦးစီးဌာန












## ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်တင်လှသိန်း [၁၂/ဒဂန(နိုင်)၀၁၈၈၄၃]ကိုင်ဆောင်သူ၏ Passport မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၁-၉၆၆၃၂၂၈

သစ်တောနဲ့

သစ်ပင်

ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို

နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေပြဋ္ဌာန်း

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁။)**
**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်**
**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **အဖွဲ့**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ကိုဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းများ** ဆိုရာတွင် အဖွဲ့ပိုင်ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများပါဝင်သည်။ ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆက်စပ်သော နယ်မြေများလည်း ပါဝင်သည်။

(င) **ရေယာဉ်**ဆိုရာတွင် ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ် သို့မဟုတ် စက်မဲ့ ရေယာဉ် အားလုံးပါဝင်သည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်စသည်တို့လည်း ပါဝင်သည်။

(စ) **စက်ရုံ၊ အလုပ်ရုံ**ဆိုသည်မှာ အဖွဲ့ပိုင်ရေယာဉ်ကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ အကြီးအမှူးကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ချောင်းများနှင့် ကမ်းရိုးတန်း တစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှု ရှိစေရန်၊

(ခ) မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဃ) အဖွဲ့၏စီမံခန့်ခွဲရေးနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊

(င) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်။

## အခန်း(၃)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ (က) အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ထားရှိရမည်။

(ခ) အဖွဲ့သည် ဤဥပဒေအရသတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံး လုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ အဖွဲ့သည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာ ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ မိမိဝန်ထမ်းများ၏ အရည်အချင်းသတ်မှတ်ချက်၊ ဝန်ထမ်းတစ်ဦးချင်း ရာထူးအဆင့်အလိုက် တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(ဂ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကို လည်းကောင်း၊ ဌာနက ပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဃ) အဖွဲ့က ပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(င) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှု ပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များ ရှိသည်။

၆။ ဝန်ကြီးဌာနသည် ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ ဤဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းတို့ တာဝန်ထမ်းဆောင်စဉ်ကရရှိခဲ့သည့် ရာထူးနှင့် ရပိုင်ခွင့်အောက်လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း(၄)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအားလုံးကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့အတွက် ယာဉ်၊ ဇောတံတား၊ ကုန်လှောင်ရုံ၊ ကမ်းတက်ဆိပ်နှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့်အဖွဲ့ပိုင်ပစ္စည်းများကို အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ အာမခံထားရှိခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် ရေယာဉ်များဖြင့် ပို့ဆောင်ရေး ဝန်ဆောင်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ဖက်စပ်စနစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအား ငှားရမ်းခြင်း၊

(င) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(စ) ရေယာဉ်ကျင်းများနှင့် ရေယာဉ်တည်ဆောက် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(ဇ) အဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်၊

(ခ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊

(ဂ) အဖွဲ့ပိုင်မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားနှင့်အခြားဆက်စပ်သော ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင် စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ် တည်ဆောက်မှုကို စီမံခန့်ခွဲမှု ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက် မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်၊

(ဆ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဇ) အဖွဲ့ပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် ရေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) အဖွဲ့ပိုင်ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ သို့မဟုတ် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြုပိုင်ခွင့်၊

(ဌ) ဝန်ထမ်းများကို ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်နိုင်ခွင့်။

## အခန်း (၅)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၉။ ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အများဆုံး ကိုးဦးအထိပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ဂ) | ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (င) | စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌကတာဝန်ပေးအပ်သောအဖွဲ့ဝင်တစ်ဦး | အတွင်းရေးမှူး |

၁၀။ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေး ကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းသို့ မခန့်ထားမီကာလက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် လုပ်ငန်းတာဝန် ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိ မည်သို့အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့် အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့် သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှု နှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

(ဃ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၂။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက်မှ ငါးနှစ်ဖြစ်သည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည့် အချိန်အထိ မိမိတို့၏ လုပ်ငန်း တာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ် ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူး နေရာလစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့်သက်တမ်း ကုန်ဆုံးသည်အထိသာဖြစ်ရမည်။

(င) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

၁၃။ (က) စီမံခန့်ခွဲရေးအဖွဲ့တွင် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်ပါက လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသည် အဖွဲ့ဝင်သစ်ကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်သည့်ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း ပျက်ပြယ်ခြင်းမရှိစေရ။

၁၄။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် ထိုအဖွဲ့ဝင်အား တာဝန်မှ ရပ်စဲရမည်။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

## အခန်း(၆)
## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဖွဲ့ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှု မရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေခြင်း၊

(ဃ) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(င) အဖွဲ့ပိုင် လုပ်ငန်းအသီးသီး၏ တာဝန်ခံဝန်ထမ်းများက ယင်းတို့ တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ခ) အဖွဲ့၏ရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်နိုင်ခြင်း၊ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးခြင်း၊

(င) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် အငြိမ်းစားပေးခြင်း၊

(စ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း။

## အခန်း(၇)
## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၁၈။ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ် သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၁၉။ အဖွဲ့က လွှဲပြောင်းရယူသည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက် သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

၂၀။ ပုဒ်မ ၁၉ အရ အဖွဲ့က လွှဲပြောင်းရယူခဲ့သော အရပ်ရပ်တန်ဖိုးများကို အဖွဲ့တွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအဖြစ်သတ်မှတ်ရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့်အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။

၂၁။ အဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းအရအသုံးငွေများကို ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်။

၂၂။ အဖွဲ့သည် သင့်လျော်သောဘဏ်တွင် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီ စာရင်းဖွင့်လှစ်ထားရှိ သုံးစွဲခွင့်ရှိသည်။

၂၃။ အဖွဲ့ပိုင် ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ဝန်ကြီးဌာနသည်-

(က) အဖွဲ့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ လက်အောက်ရှိ သင့်လျော်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးရမည်။

(ခ) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၂၅။ စီမံခန့်ခွဲရေးအဖွဲ့သည်-

(က) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့သည့် နေ့ရက်မှစ၍ အချိန်ကာလ တွက်ချက်ပြီး ခံစားခွင့်ပြုရမည်။

(ခ) ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

၂၆။ အဖွဲ့သည် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကိုထားရှိရမည်-

(က) ဆုကြေးရန်ပုံငွေ၊

(ခ) သက်သာချောင်ချိရေး ရန်ပုံငွေ၊

(ဂ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဃ) တန်ဖိုးလျော့ရန်ပုံငွေ၊

(င) လျှည့်ပတ်ရန်ပုံငွေ၊

(စ) အခြားလိုအပ်သောရန်ပုံငွေ။

၂၇။ အဖွဲ့သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ အဖွဲ့သည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

(င) လက်ကျန်ရှင်းတမ်း။

၂၉။ အဖွဲ့သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေး အဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ အဖွဲ့တွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ အဖွဲ့သည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံ စာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

## အခန်း(၈)
## ဆုကြေးငွေချီးမြှင့်ခြင်း

၃၂။ အဖွဲ့သည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်သော အချိုးအတိုင်းသော်လည်းကောင်း ဆုကြေးငွေချီးမြှင့်ပိုင်ခွင့်ရှိသည်။

၃၃။ ပုဒ်မ ၃၂ အရ ဆုကြေးငွေ ချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအရ ဝန်ထမ်းများကို ဆုကြေးများခွဲဝေ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါအခြေခံမှုများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှုဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည်-

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်း၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု နည်းစနစ်သစ်များတီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းအရည်အသွေး စံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ခြင်း၊

(င) လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုလျော့နည်းခြင်း။

၃၄။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးခြင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း(၉)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကိုမပြုရ -

(က) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ ဖြစ်စေ အဖွဲ့ပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ခ) အဖွဲ့ပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်း သိလျက်နှင့် နောက်ထပ် ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင်ဆက်လက် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ဂ) အဖွဲ့ပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူ စီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(ဃ) မိမိနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် အပြည့်အဝပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင်ရေယာဉ်တွင် မိမိနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(င) အမှန်တကယ် ကျသင့်သောရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ပိုင်ရေယာဉ်တွင် ရေယာဉ်နေရာအဆင့်အတန်း တစ်ခုအတွက် ရေယာဉ်ခ ပေးဆောင်လျက် ထိုနေရာ အဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း၊

(စ) အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ် မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ်လက်မှတ်ထုတ်ပြရန် တောင်းဆိုသည့်အခါ ရေယာဉ်လက်မှတ် ထုတ်ပြရန်ပျက်ကွက်ခြင်း၊

(ဆ) အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူ တစ်ဦးအတွက် ကျသင့်သော ရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်း အလို့ငှာ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အဖွဲ့ပိုင်ရေယာဉ်ပေါ်တွင် တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(ဈ) အဖွဲ့ပိုင်ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့် ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းချခြင်း သို့မဟုတ် ရောင်းရန်အားထုတ်ခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊

(ည) အဖွဲ့ပိုင်ရေယာဉ်ပေါ်ရှိ ရေယာဉ်သုံးပစ္စည်းကိုဖြစ်စေ၊ ရေယာဉ်အစိတ်အပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း သို့မဟုတ် ယင်းသို့ ဖျက်ဆီးရန်၊ ရယူရန် အားထုတ်ခြင်း၊

(ဋ) အဖွဲ့ပိုင်ရေယာဉ်တွင် အသုံးပြုသော ခရီးသည်လက်မှတ်များကိုဖြစ်စေ၊ တန်ဆာ လက်မှတ်များကိုဖြစ်စေ၊ အခြားသော လက်မှတ် သို့မဟုတ် ပုံစံများကိုဖြစ်စေ အတုပြုလုပ်ခြင်း၊ အတုပြုလုပ်ရန် အားထုတ်ခြင်း သို့မဟုတ် အဆိုပါ လက်မှတ်အတုများကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ ထိန်းသိမ်းထားခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း။

## အခန်း(၁၀)
## ပြစ်ဒဏ်များ

၃၆။ မည်သူမဆို-

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ည) ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဋ) ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၁)
## အထွေထွေ

၃၇။ အဖွဲ့ပိုင် ရေယာဉ်ကို တပ်မတော်က ငှားရမ်းအသုံးပြုရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်လျှင် စတင်ရယူအသုံးပြုစဉ်က အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

၃၈။ ဤဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့အရ ကျူးလွန်သောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၉။ အဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ချင်းတွင်းမြစ်ကူးတံတားဆောက်လုပ်ပြီးစီးပါက အိန္ဒိယနှင့် နယ်စပ်ကုန်သွယ်ရေး တိုးတက်ကောင်းမွန်လာနိုင်

**ကလေး၊ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမြို့များနှင့် ချင်းပြည်နယ်မြောက်ပိုင်းမြို့များကို လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ချင်းတွင်းမြစ်ဖြတ်တံတားတစ်စင်းကို မုံရွာ-ရေဦး-တန့်ဆည်-ကလေးဝလမ်းမကြီးပေါ်တွင် စတင်တည်ဆောက်နေပြီဖြစ်ရာ တံတားကြီးတည်ဆောက်ပြီးစီးပါက အိန္ဒိယနှင့် နယ်စပ်ကုန်သွယ်ရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက သုံးသပ်သည်။

"ချင်းတွင်းတံတားတည်ဆောက်ဖို့ကတော့ တကယ်အကောင်အထည်ပေါ်လာပါပြီ။ ဒီတံတားကြီးသာပြီးသွားရင် ချင်းပြည်နယ်မြောက်ပိုင်းမြို့တွေဖြစ်တဲ့ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါးနှင့် အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်တဲ့ ရိဒ်ခေါဒါရ်မြို့ နယ်စပ်ကုန်သွယ်ရေး၊ နောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ ကလေးဝ၊ မော်လိုက်နှင့် အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်တဲ့ တမူးမြို့တို့ကနေ နယ်စပ်ကုန်သွယ်မှုတွေ သိသိသာသာတိုးတက်လာကာ ကုန်စည်စီးဆင်းမှုတွေ ပိုမိုမြန်ဆန်လာနိုင်ပါတယ်" ဟု ကုန်သွယ်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"ကလေးဝ-ရေဦး ကားလမ်းဟာ အရင်ကတည်းက ရှိခဲ့တဲ့လမ်းမကြီးပါ။ ရေဦးအထိကို မိုင် ၁၀၅ မိုင် ၄ ဖာလုံရှိပါတယ်။ ယာကြီးလမ်းရယ်လို့ မပေါ်ခင်တုန်းက ဒီလမ်းကနေ ချင်းတွင်းမြစ်ကို ဇက်နဲ့ကူးပြီး မုံရွာတို့ မန္တလေးတို့ကို သွားရတာပါ။ ယာကြီးလမ်းကလည်း မိုးတွင်းကာလဆိုရင် လေးလခန့်ကိုပိတ်ထားတာကြောင့် တချို့ကလေးဝကနေ သွားတဲ့ကားတွေဆို ဇက်ကူးတို့နဲ့ကူးပြီး လက်ရှိအချိန်အထိ သွားနေရဆဲပါ။ ဇက်ကူးတို့ကူးပြီးမသွားရဲရင် မိုင် ၁၀၀ ကျော်ပိုဝေးပြီး အတက်အဆင်းများလှတဲ့ ဂန့်ဂေါလမ်းကနေ သွားရပါတယ်။ ဒါကြောင့် ချင်းတွင်းမြစ်ကူးတံတားကြီးကို အမြန်ဆုံးပြီးစီးစေချင်ပါတယ်"ဟုကလေးမြို့မှ ရှမ်းတောင်တန်းကား ယာဉ်မောင်းတစ်ဦးက ပြောသည်။

ကလေးဝလမ်းမကြီးပေါ်တွင် စတင်တည်ဆောက်နေသည့် ချင်းတွင်းတံတားကြီးကို နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ပြည်ထောင်စု ရန်ပုံငွေ ကျပ်သန်း ၉၂၀ ဖြင့် ဆောက်လုပ်ပေးကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

**လင်းလက်ကြယ်စင်**

## တစ်နှစ်ပြည့်ကလေးငယ်များကို လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံ

**ခမောက်ကြီး၊ ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်ခွဲတွင် တစ်နှစ်ပြည့်ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက မြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက် ပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် မြို့နယ်ခွဲကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများသည် ရပ်ကွက်အတွင်းရှိ တစ်နှစ်ပြည့် ကလေးငယ် ၅၃ ဦးအား ပိုလီယိုရောဂါ၊ ဆုံဆို့ကြက်ညှာချောင်းဆိုးရောဂါ၊ တီဘီရောဂါ ကာကွယ်ဆေးများအား တိုက်ကျွေးထိုးနှံပေးခြင်း၊ မိခင်နှင့် ကလေး ကျန်းမာရေး စစ်ဆေးပေးခြင်းစသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

## ရေးမြို့၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ကျင်းပ

**ရေး၊ ဒီဇင်ဘာ ၆**

အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောကမ္ဘာဆီသို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ဖို့ အမျိုးသားများလည်းပါဝင်စို့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အခမ်းအနားကို မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီပြည်သူ့ရင်ပြင်ကွင်း၌ ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီက ကျင်းပခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် မွန်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ မိလဝီဟန်က အဖွင့်အမှာစကားပြောကြားပြီး အပြည်အပြည်ဆိုင်ရာ ၁၆ ရက်တာ အမျိုးသမီးလှုပ်ရှားမှုသမိုင်းအကြောင်းအရာများကို ရေးမြို့နယ် မွန်လူငယ်အဖွဲ့ဝင် မင်းဗညားမွန်၊ မိသဇင်တို့က ပြောကြားခဲ့သည်။

ယင်းနောက် ဖဲကြိုးဖြူလှုပ်ရှားမှုသမိုင်းအကြောင်းကို မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့မှ မိလရီဝင်းအောင်က ဖတ်ကြားပေးပြီးနောက် သံချပ်ထိုးခြင်း၊ ပဟေဠိအဖြေညှိခြင်းအစီအစဉ်၊ တစ်ခန်းရပ်ပြဇာတ် ပြကွက်များ၊ ရင်ဖွင့်သံများ၊ အစီအစဉ်တင်ဆက်မှုများကို မွန်-မြန်မာနှစ်ဘာသာဖြင့် MON WOMEN ORGANIZATION မွန်အမျိုးသမီးအဖွဲ့မှ ဦးစီးကြီးမှူးကျင်းပလျက်ရှိပြီး MSI မာရီစတုပ်စ်အင်တာနေရှင်နယ်မြန်မာအဖွဲ့က ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

"ရေးမြို့မှာကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ရေးမြို့နယ်အတွင်းမှာရှိတဲ့ အမျိုးသမီးများအကြမ်းဖက်မှု လျော့နည်းပပျောက်စေရေးနဲ့ ဒေသအတွင်း အများပြည်သူများအား အသိပညာအကျိုးခံစားနိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ပါတယ်။ မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ပထမအကြိမ်၊ သံဖြူဇရပ်မှာ ဒုတိယအကြိမ်၊ အခုရေးမြို့မှာ တတိယအကြိမ်ကို ကျင်းပခဲ့ပါတယ်" ဟု ကျင်းပရေးကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သည့် မင်းစိုးသိန်းက ပြောသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

## မန္တလေးတိုင်းဒေသကြီး မိတ္ထီလာတွင် စပါးရိတ်သိမ်းလုပ်သားတစ်ဦး တစ်နေ့လုပ်အားခ ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ ရရှိ



**မိတ္ထီလာ၊ ဒီဇင်ဘာ ၆**

စပါးရိတ်သိမ်းရာသီရောက်ပြီဖြစ်၍ မိတ္ထီလာတွင် စပါးရိတ်သိမ်းလုပ်သားတစ်ဦးလျှင် တစ်နေ့ကျပ် ၂၀၀၀ မှ၃၀၀၀ ကျပ်အထိ လုပ်အားခ ရရှိကြောင်း သိရသည်။

ယခုနောက်ပိုင်း စပါးရိတ်သိမ်းလုပ်သား ရှားပါးလာခြင်းကြောင့် လုပ်သားတစ်ဦးကို တစ်နေ့ ၂၀၀၀ ကျပ်က ၃၀၀၀ ကျပ်အထိပေးကာ ခေါ်ယူပြီး လုပ်ကိုင်ရကြောင်း၊ နံနက်စာပါ ကျွေးမွေးရကြောင်း စပါးရိတ်သိမ်းလုပ်သား ခေါ်ယူသူများက ပြောသည်။

"စပါးရိတ်သိမ်းသူတစ်ဦးကို နံနက်စာထမင်းတစ်နပ်ကျွေးရရင် ၂၀၀၀ ကျပ်ပဲပေးရပေမယ့် ကိုယ့်ထမင်းကိုယ်စားနဲ့ဆို တစ်နေ့ ၂၅၀၀ ကျပ်ကနေ ၃၀၀၀ ကျပ်အထိ ပေးပြီးငှားရတယ်" ဟု ဇောင်ချမ်းကုန်းကျေးရွာမှ မိုးစပါးစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

နေ့စားစပါးရိတ်သိမ်းလုပ်သားများ အနေဖြင့် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လုပ်ကိုင်ရပြီး လုပ်အားခ ၂၀၀၀ ကျပ် မှ ၃၀၀၀ ကျပ်အထိ ရရှိသော်လည်း ဝမ်းစာအဆင်ပြေရုံမျှဝင်ငွေသာဖြစ်ကြောင်း သိရသည်။

"စပါးရိတ်သိမ်းမှု လုပ်အားခ တစ်နေ့ ၃၀၀၀ ကျပ်အထိ ရပေမယ့် ဆီဈေး၊ ဆန်ဈေး၊ သားငါးဈေးကကြီးနေတာမို့ အသားဟင်း၊ ငါးဟင်းနဲ့ မိသားစု ထမင်းစားလို့မရဘူး။ ဒါပေမယ့် အရင်တုန်းက စပါးရိတ်သိမ်းနေ့စား လုပ်အားခ ၁၅၀၀ ကျပ်ကနေ ၂၀၀၀ ကျပ်လောက်ပဲရတာ ထက်စာရင်တော့ နည်းနည်းမဆိုးဘူး ပဲမှတ်ရမယ်" ဟု စပါးရိတ်သိမ်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ယခင်က ကျေးရွာဒေသများတွင် လက်စားလိုက်စပါးရိတ်သိမ်းသည့် ဓလေ့များရှိခဲ့သော်လည်း သူတစ်ပါး၏ စပါးကွက်အား မိမိမှ လိုက်လံရိတ်သိမ်းပေးပြီး မိမိစပါးကွက် ရိတ်သိမ်းချိန်တွင် သူတစ်ပါးမှ လက်စားပြန်လည်ရိတ်သိမ်းပေးသည့် ဓလေ့မှာ စပါးရိတ်သိမ်းလုပ်သားများ ရှားပါးလာပြီးနောက် ကွယ်ပျောက်စပြုနေကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**







**အိမ်ခြံရောင်းမည်**

**အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်**

လှိုင်သာယာအဆင့်မြင့်(၃) ၆/ရပ်ကွက်၊ ရန်ကုန်ပုသိမ်လမ်းမကြီးကျောကပ် ဘော်ဒါဆောင်နှင့်နေအိမ်ပါ ပေ(၅၀×၁၂၀) ထောင့်ကွက်

ဖုန်း-၀၉-၇၃၀၇၉၈၇၀

၀၉-၇၉၉၆၆၁၂၂၀ သို့ဆက်သွယ်ပါ (ညှိနှိုင်းဈေး)



ကျန်းမာရေးဆောင်းပါး

# ယနေ့ခေတ်ဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါ (H5N8)



à r[illegible]wfH

ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza)ကို "bird Flu" ဟုလည်း ခေါ်ကြသည်။ အဆိုပါရောဂါသည် Orthomyoxovirus Family မှ ဆင်းသက်လာသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ကြက်ငှက်တုပ်ကွေးဖြစ်စေနိုင်သော ဗိုင်းရပ်စ်ပိုးသည် သဘာဝအားဖြင့် တောတွင်းငှက် species တော်တော်များများတွင်တွေ့ရပါသည်။

၎င်းတောတွင်းငှက်များသည် ရောဂါသယ်ဆောင်သူ (carriers) များ အနေဖြင့် ရှိနေကြသည်။ H5N1 ကဲ့သို့ လူကိုကူးစက်စေနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါ subtype သည် ရှားပါးပြီး suptypes အများစုသည် တိရစ္ဆာန်များသို့ (အထူးသဖြင့် ကြက်၊ ငှက်၊ ဘဲ) ကူးစက်ပျံ့နှံ့နိုင်သည်။ ယခုလက်တလောတွင် ကြက်ငှက်တုပ်ကွေးရောဂါ၏ suptype အသစ်တစ်မျိုးဖြစ်သည့် H5N8 သည် ဥရောပနိုင်ငံ၊ နယ်သာလန်နှင့် ဂျာမနီနိုင်ငံများတွင် ဖြစ်ပွားနေပါသည်။ H5N8 သည် ကြက်၊ ငှက်၊ ဘဲများကို ကူးစက်ပြီး ယနေ့အထိ လူကိုကူးစက်ခြင်းမရှိပါ။

H5N8 ဗိုင်းရပ်စ်ပိုးသည် အသက်ရှူလမ်းကြောင်း၊ အူလမ်းကြောင်း၊ မျိုးပွားလမ်းကြောင်းများနှင့် ဆက်စပ်အင်္ဂါများတွင် ပွားများခြင်းဖြစ်သည်။ ထို့ကြောင့် ဗိုင်းရပ်စ်ကူးစက်ခံထားရသော ကြက်၏မျက်ရည်၊ သွားရည်၊ စအိုပေါက်မှကျသော အရည်များကို တိုက်ရိုက်ထိမိခြင်း၊ ကိုင်တွယ်မိခြင်းအားဖြင့် တစ်ကောင်မှတစ်ကောင်သို့ ကူးစက်သွားနိုင်ပါသည်။ ထို့ပြင် ဗိုင်းရပ်စ်ပိုးသည် အသက်ရှူလမ်းကြောင်းအတွင်းသို့ အသက်ရှူသွင်းခြင်းအားဖြင့် ဗိုင်းရပ်စ်ပိုးဝင်ရောက်ခြင်းသည်လည်း သိသာထင်ရှားသည့် ကူးစက်မှုလမ်းကြောင်း တစ်ခုပင် ဖြစ်ပါသည်။ ထို့ပြင် ကူးစက်ခံရသောကြက်၏ မစင်များကို ထိတွေ့မိခြင်းမှလည်း ကူးစက်နိုင်ပါသည်။

H5N8 ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးသည်လည်း အခြားကြက်ငှက်တုပ်ကွေး suptypes များကဲ့သို့ရောဂါလက္ခဏာများကို ဖြစ်စေသည်။ ရောဂါကူးစက်ခံနေရသော ကြက်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများအပြင် ဥစားကြက်များတွင် ဥဥနှုန်းကျဆင်းလာခြင်း၊ ဥ၏အရည်အသွေး မပြည့်မီခြင်း၊ အစာစားနှုန်း၊ ရေသောက်နှုန်း ကျဆင်းလာခြင်း စသည့် လက္ခဏာများကို တွေ့ရပါသည်။ ထို့ပြင် တုပ်ကွေးကဲ့သို့ အဖျားတက်ခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ အင်အားချည့်နဲ့ခြင်းအပြင် သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ H5N8 subtype ဗိုင်းရပ်စ်ကို နိုဝင်ဘာ ၄ ရက်က ဂျာမနီနိုင်ငံရှိ Mecklenburg-Vorponmern မွေးမြူရေးခြံတွင် တွေ့ရှိရပြီး ရောဂါကူးစက်ခံရသောကောင်ရေ၅၀၀၀ အနက် ၁၈၈၀ ကောင် သေဆုံးကြောင်းကို သတင်းများတွင် ဖော်ပြထားသည်။

ထို့ကြောင့် ဇီဝလုံခြုံမှုစနစ်သည် ရောဂါကာကွယ်မှု၏ အရေးကြီးဆုံးနည်းစနစ်ပင် ဖြစ်ပါသည်။ အကယ်၍ ရောဂါဖြစ်နေသည်ဟု သံသယရှိနေသောကြက်ကို အုပ်စုမှ ချက်ချင်းခွဲထုတ်ထားပြီး ၎င်း၏ နှာရည်၊ သွားရည်၊ မျက်ရည်နှင့် မစင် အစရှိသည့် စွန့်ထုတ်အရည်များကိုပါ တခြားအကောင်များသို့ မကူးစက်စေရန် တစ်ပါတည်းသန့်စင်ရှင်းလင်းပစ်ရပါမည်။ ရောဂါခံစားနေရသော ကြက်များကို သတ်ခြင်း လုပ်ရာတွင်လည်းကောင်း၊ သေနေသော အကောင်များကို မြေမြှုပ်ရာတွင်လည်းကောင်း မြေမြှုပ်မည့်ကျင်းကို ခြံမှ ဝေးနိုင်သမျှဝေးသော နေရာတွင် တူးရပါမည်။အဆိုပါ မြေကျင်းနက်နက်ထဲတွင် ထုံးမှုန့်ဖြူးပြီး အပေါ်မှပလတ်စတစ်တစ်ထပ်ခံထားသော ကျင်းထဲသို့ ကြက်သေများကို စနစ်တကျစွန့်ပစ်ရပါမည်။

ကြက်သေများကို ကိုင်တွယ်စွန့်ပစ်မည့်သူများအနေဖြင့်လည်း ဇီဝလုံခြုံရေးဆိုင်ရာ တစ်ခါသုံးဝတ်စုံ၊ ဖိနပ်၊နှာခေါင်းစီး၊ခေါင်း အုပ် အစရှိသည်များကို ဝတ်ဆင်ကာကိုင်တွယ်လုပ်ဆောင်သင့်ပါသည်။ ထို့မှသာအခြားကောင်းမွန်နေသောကြက်များကို ကူးစက်မှုမှ ဟန့်တားကာကွယ်နိုင်ပါလိမ့်မည်။

ယင်းနောက် အသေကောင်ကြက်များကို မြေမြှုပ်ပြီး မြေဖုံးထားသည့် ကျင်းပေါ်သို့ ထုံးဖြူအမှုန့်များကို ဖြူးပေးထားသင့်ပါသည်။

## သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်း ပြုပြင်ထိန်းသိမ်းမှု အားနည်းနေ



**ရန်ကုန်၊ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း ပြည်သာယာမီးပွိုင့်မှ ဘောက်ထော်ရထားသံလမ်းအကြားရှိ ပြည်သာယာလမ်းမှာ ပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့ခြင်းကြောင့် ယိုယွင်းပျက်စီးလျက်ရှိပြီး ယာဉ်နှစ်စီးခဲယဉ်းစွာ ရှောင်ကွင်းသွားလာနေရကြောင်း ယင်းမြို့နယ်တွင် နေထိုင်သည့် ဒေသခံများက ပြောသည်။

ယင်းအပြင် လမ်းတစ်ဖက်တစ်ချက်စီတွင်ပြင်ပမှစွန့်ပစ်မြေကြီးများ အများအပြားလာရောက်ပုံထားခြင်းကြောင့် လူများ၊ ယာဉ်များခဲယဉ်းစွာသွားလာနေရကြောင်း တွေ့ရသည်။

ယင်းလမ်းမှာ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပမြို့နယ်နှင့် တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်တို့ကို ဆက်သွယ်ပေးသည့် အဓိကကျသည့် ဖြတ်လမ်းတစ်ခုဖြစ်ပြီး ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းပေးသောလမ်းတစ်ခုလည်း ဖြစ်နေ၍ ပြုပြင်ရန်လိုအပ်နေကြောင်း ၎င်းတို့ကပြောသည်။

**ပြည်သာယာ**

## ကသာခရိုင် အင်းတော်မြို့နယ် ဂျုံးဂျုံးကျကျေးရွာ၌ ကျေးရွာနေပြည်သူများအား ဆိုလာပြားများပေးအပ်

**အင်းတော်၊ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ဂျုံးဂျုံးကျကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ နိုဝင်ဘာ ၃၀ ရက် နံနက်က ကျေးလက်ဦးစီးဌာနရန်ပုံငွေ (ဖြည့်စွက်) ဖြင့် အိမ်ခြေ ၁၈၀ အား ဆိုလာပြားများပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးသောင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဦးစီးမှူး ဦးသောင်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ဂျုံးဂျုံးကျကျေးရွာရှိ အိမ်ခြေ ၁၈၀ မှ ကျေးရွာသူ ကျေးရွာသားများအား ဆိုလာပြားများကိုပေးအပ်ခဲ့ကြောင်း သိရသည်။ (၂၃၃)






### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်မြို့သစ်(၇)၊ မြေကွက်အမှတ်၃၁၉/ခ၊မြေကွက်တည်နေရာအမှတ်-၃၁၉/ခ၊ သရဖီလမ်းသွယ် မြို့သစ်(၇)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဧရိယာ ၁၉'. ၆"×၆၀' ဒေါ်အေးတင်အမည်ပေါက် ပါမစ်မြေအား ဦးမောင်မောင်မျိုး[၉/မထလ(နိုင်)၀၀၀၁၁၀] ကအရပ်ကတိအရောင်းအဝယ်စာချုပ်၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၉၄၀/ခ)၊ မြေကွက်တည်နေရာအမှတ်-၉၄၀၊ ဇဋ္ဌိလ(၂)လမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးအောင်ဆန်းအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်ဆန်း[၁၂/သဃက(နိုင်)၀၁၀၀၀၂] ကွယ်လွန်သဖြင့် ဒေါ်မြဝင်း[၁၂/သဃက(နိုင်)၀၁၀၀၀၃]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ ၂၆၁၉၄(၂၃-၉-၂၀၁၄)ရသူဒေါ်သီဂီအောင်ဆန်းမှ ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ










သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

ကြော်ငြာ

## ပြည်မြို့ မဟာသုဒဿနာရာမစာသင်တိုက်၊ ရွှေရတုသဘင် ဆင်ယင်ကျင်းပမည်

မဟာသုဒဿနာရာမစာသင်တိုက်ကြီး၏ နှစ်ငါးဆယ်ပြည့် "ရွှေရတုသဘင်ပွဲ"ကို သုဒဿနစေတီ ရွှေထီးတော်တင်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်အလှူတော်မင်္ဂလာ၊ ပဓာနနာယကဆရာတော်၏ သက်တော်(၆၀)ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာများဖြင့် ညတရားပွဲ၊ နိဗ္ဗာန်ဈေးပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ပူးတွဲကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး တပည့်သံဃာ အလှူရှင်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြည်ညိုနိုင်ပါရန် လေးမြတ်စွာ ပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

ရွှေထီးတော်တင်အလှူတော် - (၁၃၇၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်) ၁၂-၁၂-၂၀၁၄ ရက်(သောကြာနေ့)

ဝိဇာတမွေးနေ့အလှူတော် - (၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်) ၁၃-၁၂-၂၀၁၄ ရက် (စနေနေ့)

ရွှေရတုအလှူတော် - (၁၃၇၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်) ၁၄-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

**ရွှေရတုကျင်းပရေးကော်မတီ**
**မဟာသုဒဿနာရာမစာသင်တိုက်၊ ပြည်မြို့**

## ဒိုက်ဦးမြို့ ဖအောင်ဝဲ၊ ထက်၊ လယ်၊ မူ ကျောင်းသားဟောင်းများ နဝမအကြိမ် မြတ်ဆရာပူဇော်မည်

ဒိုက်ဦးမြို့၊ ဖအောင်ဝဲ ထက်၊ လယ်၊ မူကျောင်းသား/သူဟောင်းများက အထကနှင့် မူလွန်၊ မူလတန်းကျောင်းများဖြစ်သော ဒါးပိန်စု၊ လက်ပန်တန်း၊ မြောက်ဘက်ကမ်းရွာလယ်၊ ရွာမ၊ ဘုတရာ၊ ရေလွှဲ၊ ဆားကျင်း၊ နှင်းပုလဲနှင့် နတ်ကင်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြသည့် အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်မည်ဖြစ်ရာ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမက(လွန်)ရွာလယ် မြသရဖူခန်းမသို့ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက**

| | | | |
|---|---|---|---|
| ဦးမြင့်သိန်း | ဖုန်း-၀၉-၃၁၆၁၉၇၇၁ | ဦးငွေ | ဖုန်း-၀၉-၇၃၂၄၃၆၄၇ |
| ဦးတင်ရွှေ | ဖုန်း-၀၉-၃၁၆၇၆၇၅၇ | ဦးသိန်းအောင် | ဖုန်း-၀၉-၃၁၆၁၄၉၃၁ |
| ဦးစိုးညွန့် | ဖုန်း-၀၉-၆၃၁၂၂၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ | | |

**ဖခင်အမည်မှန်** ကသာမြို့၊ အထက(၁)၊ အဌမတန်း(က)မှ မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဗာလာရမ်း[၅/ကသန(နိုင်)၀၅၃၅၁၂]ဖြစ်ပါသည်။ **ဦးဗာလာရမ်း**

## ဒိုက်ဦးအထက(၁)(၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အထက(၁)၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၏ ကျောင်းရှေ့မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် လာရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ၊ ဒိုက်ဦးမြို့**

## ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် Electrical Workshop Skill Training သင်တန်း ဖွင့်လှစ်ရန်အတွက် လိုအပ်သော Calibrator (Multi Purpose)(2)Setsအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါပုံစံရယူရန် - ၈-၁၂-၂၀၁၄ မှ ၁၂-၁၂-၂၀၁၄ရက်ထိ
(ခ) တင်ဒါတင်သွင်းရမည့်ရက် - ၁၈-၁၂-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီထိ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်
(ဃ)တင်ဒါဖွင့်မည့်ရက် - ၂၄-၁၂-၂၀၁၄ရက်၊ ၁၃း၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်သိရှိလိုပါက ဖုန်း-၀၉-၅၀၁၅၈၆၆၊ ၀၉-၂၅၄၈၉၄၅၃၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


**သစ္စာ** အာမခံ စိန်၊ ရွှေ၊ ပလပ်တီနမ် ဆိုင်

ဆိုင်(၁)- အမှတ် (၄၉၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ဖုန်း - ၀၁-၃၇၄၇၆၆၊ ၀၉-၄၄၈၂၈၇၇၇၇
ဆိုင်(၂)- အမှတ် (၅၃၈)၊ မဟာဗန္ဓုလလမ်း၊ ၂၇-လမ်းထိပ်၊ ဖုန်း - ၀၁-၂၄၆၁၂၀၊ ၀၉-၂၅၉၂၅၉၁၈၈

(26-12-2014) နံနက် 6:41
Ph: 01-705070, 09-5130974, 0925-418-4-418
www.mgktm.com


"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ **Future Auto** မှာ ကားဝယ်စို့"

- အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခံရိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - Ph: 09-254346475, 01-8500492
Show Room(3) - Ph: 09-254342979
Mandalay - Ph: 09-795594006, 09-795594008


**ပျောက်ဆုံးကြောင်း** ဘီ-၁၉၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံ ဆွဲဆောင်မှုအထည်ချုပ် စက်မှုလုပ်ငန်းကုမ္ပဏီပိုင် ၂ခ/၃၉၉၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း-၀၁-၆၈၄၇၁၉၊ ၀၉-၅၀၂၃၁၈၃**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ထွန်းထွန်းဝင်း(CDC-62083)၏ PSC RB မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၅၆၀၅၆**



## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁)အဌမတန်း(က)မှ မနန်းခင်မွေး၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ထွေး[၅/ကသန(နိုင်)၀၉၅၁၅၆] ဖြစ်ပါသည်။ **ဦးတင်အောင်ထွေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)အရှေ့၊ မြေကွက်အမှတ်(၄၃၄/က+ခ)၊ မြေကွက်တည်နေရာအမှတ်(၄၃၄/က+ခ)၊ အောင်သပြေအရှေ့(၅)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်စိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးခင်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သန်းရီ[၁၂/သကတ(နိုင်)၀၈၂၇၆၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၉၇၂/၂၀၁၀)ရသူ ဦးထွန်းနိုင်[၁၂/မဂတ(နိုင်)၀၆၉၅၃၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲများ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲများကို ယနေ့ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ မြို့ကြီးခြောက်မြို့ရှိ စာစစ်ဌာန ၁၀ ခုတွင် တစ်ပြိုင်တည်းစတင်ကျင်းပသည်။

စာစစ်ဌာနများအနေဖြင့် ရန်ကုန်မြို့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ရွှေပြည်သာ)၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်(ဗဟန်းနယ်မြေ)နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင်လည်းကောင်း၊ မန္တလေးမြို့တွင် မန္တလေး တက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ်တော)နှင့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)(တအုံ)၌လည်းကောင်း၊ မော်လမြိုင်မြို့တွင် မော်လမြိုင်တက္ကသိုလ်၌လည်းကောင်း၊ မကွေးမြို့တွင် ကွန်ပျူတာတက္ကသိုလ်(မကွေး)၌လည်းကောင်း၊ မုံရွာမြို့တွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၌လည်းကောင်း၊ တောင်ကြီးမြို့တွင် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၌ လည်းကောင်း ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြှင့်တင်ရေးအတွက် နိုင်ငံတကာအစိုးရနှင့် တက္ကသိုလ်၊ အဖွဲ့အစည်းများက ပေးအပ်သော ပညာတော်သင်ဆုများရယူလျက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံခြားတက္ကသိုလ်များသို့ နှစ်စဉ်စေလွှတ်ပေးလျက်ရှိသည့်နည်းတူ နိုင်ငံတော်မှပညာတော်သင်စရိတ်အပြည့်ကျခံကာ နိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံခြားတက္ကသိုလ်ကြီးများသို့ ပထမဆုံးအကြိမ် ပညာတော်သင်စေလွှတ်မည့် အစီအစဉ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ဘွဲ့ကြိုတန်းနှင့် ဘွဲ့လွန်တန်းဟူ၍ ခွဲခြားထားကာ ဘွဲ့လွန်တန်းတွင် မဟာတန်းနှင့်ပါရဂူတန်းဟူ၍ ထပ်မံခွဲခြားလျှောက်လွှာများခေါ်ယူခဲ့ရာ လျှောက်ထားသူ ဦးရေအနေဖြင့် ဘွဲ့ကြိုတန်းတွင် ၆၅၇ ဦး၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# အားကစားနှင့်ပညာရေးတို့ပေါင်းစပ် သင်ကြားပေးမည့် အားကစားတက္ကသိုလ်

**နေပြည်တော် ဒီဇင်ဘာ ၆**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ပညာရေးတို့ ပေါင်းစပ်သင်ကြားပေးမည့် အားကစားတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်း အားကစား လေ့ကျင့်ရေးစခန်းအနီး ၈၉ ဒသမ ၇ ဧက မြေနေရာ အကျယ်အဝန်းရှိ အဆောက်အအုံကြမ်းခင်း ဧရိယာ ၁၄၇၇၄၈ စတုရန်းပေပေါ်တွင် တည်ဆောက်မည်ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများတွင် ပင်မဆောင် (လေးထပ် R.CC)၊ အဆောင်(၁) (နှစ်ထပ် R.CC)၊ အဆောင်(၂) (နှစ်ထပ် R.CC) အတွင်း လမ်းခင်းခြင်းနှင့် ပလက်ဖောင်းလုပ်ငန်း၊ ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း၊ ပြင်ပရေရရှိရေးလုပ်ငန်း၊ Landscaping လုပ်ငန်း၊ မြေသားလုပ်ငန်း၊ ခြံစည်းရိုးလုပ်ငန်းနှင့် အဝင်မုခ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

အားကစားတက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းပုံစံအရ အဆောက်အအုံ မြေညီထပ်တွင် ပါမောက္ခချုပ်ရုံးခန်း၊ ဒုတိယပါမောက္ခချုပ်ရုံးခန်း၊ မော်ကွန်းထိန်းရုံးခန်း၊ ကျောင်းသားရေးရာဌာန၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ စာကြည့်တိုက်၊ Department အခန်း သုံးခန်း၊ အစည်းအဝေးခန်း၊ စာသင်ခန်း ခုနစ်ခန်း၊ Utility အခန်း ခြောက်ခန်းနှင့် သန့်စင်ခန်းများ ပါဝင်သည်။

**စာမျက်နှာ ၈ ကော်လံ ၆ သို့**




**အားကစားတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။**

# ဂျပန်နည်းစနစ်သုံး နမူနာပြမီးပွိုင့်(၁၀)နေရာတွင် ယာဉ်ထိန်းရဲပါဝင်မှုမရှိဘဲ ယာဉ်ကျပ်တည်းမှုကို ဒီဇင်ဘာဒုတိယပတ်တွင် စမ်းသပ်မည်

*သတင်း စာမျက်နှာ » ၇*

## တိမ်အသင့်အတင့်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။



## ၂၀၁၃ ခုနှစ်၏ ကမ္ဘာ့ဂိုးသွင်းအများဆုံးဆု စီရိုနယ်လ်ဒို ဆွတ်ခူး

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်းက သွင်းဂိုး ၆၉ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်၏ ကမ္ဘာ့ဂိုးသွင်းအများဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ၂၀၁၃ ခုနှစ်အတွင်း ပေါ်တူဂီအသင်းနှင့် ရီယဲလ်မက်ဒရစ်အသင်းတို့အတွက် နှစ်သင်းပေါင်းသွင်းဂိုး ၆၉ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်များ သမိုင်းတွင် မှတ်တမ်းတင်ခံခဲ့ရသူဖြစ်ပြီး ၂၀၁၃ ခုနှစ်၏ ကမ္ဘာ့ဂိုးသွင်းအများဆုံးဆုကိုမူ ဒီဇင်ဘာ ၅ ရက်က ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြီးခဲ့သည့်သီတင်းပတ်က မာလာဂါအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပါအဝင် ၁၅ ပွဲဆက်တိုက် အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

**(ငွေကြယ်)**

ယနေ့ **မာတိကာ**

ကျန်းမာကြံ့ခိုင်ပြည့်မလ္လာပိုင်ပါဝင်လှုပ်ရှား လူထုအားကစား
စာမျက်နှာ - ၆

စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များအား အရေးယူ
စာမျက်နှာ - ၁၁

ပရီမီယာလိဂ်အသင်းများ ဒီယေဂိုဂိုဒင်ကို ပစ်မှတ်ထားနေ
စာမျက်နှာ - ၁၃



ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 DECEMBER 7, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250054451, 0931792299
09420254872

ဖွံ့ဖြိုးရေး



မြင့်စိုး (နတလ)

# အမှတ်တရ ဗီယက်နမ်

> ဗီယက်နမ်ခရီးစဉ်သည် နှစ်နိုင်ငံ တိုင်းရင်းသားရေးရာ ကိစ္စရပ်များအတွက် များစွာအကျိုးကျေးဇူး ဖြစ်ထွန်းခဲ့ပါသည်။ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့တွက်ခဲ့မိသော ကျွန်တော့်အတွက်လည်း အမှတ်တရဖြစ်စေခဲ့။

သို့ကလို ခေါင်းစဉ်တပ်လိုက်သည့်အတွက် စာရေးသူကျွန်တော်တစ်ယောက် ဗီယက်နမ် နိုင်ငံသို့ အလည်အပတ်ရောက်ရှိပြီး အမှတ်တရ အကြောင်းအရာတွေရေးတော့မှာလား ဟု ထင်ကောင်းထင်သွားနိုင်ပါသည်။ မဟုတ်ပါ။ ကျွန်တော် ဗီယက်နမ်နိုင်ငံသို့ မရောက်ဖူးပါ။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသော ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ တိုင်းရင်းသားရေးရာကော်မတီ (Committee for Ethnic Minorities )မှ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး H.E Mr. Ha Hung ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာသည့် နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ အသည်းအသန်ကားမောင်းပြီး သွားရတာကို သတိရနေ၍ ထိုကဲ့သို့ ခေါင်းစဉ်တပ်လိုက်ခြင်းရယ်ပါ။

ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့က ရန်ကုန်မြို့ကို နိုဝင်ဘာ ၂၄ ရက်မှာ စတင် ရောက်ရှိလာသည်။ နိုဝင်ဘာ ၂၅ မှာ နေပြည်တော်၊ နိုဝင်ဘာ ၂၆ ရက်မှာ မန္တလေး၊ နိုဝင်ဘာ ၂၇ ရက်မှာ စစ်ကိုင်း- မန္တလေး- ရန်ကုန်၊ နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်မှ ဗီယက်နမ်သို့ ပြန်လည်ထွက်ခွာမည်။ နေပြည်တော်၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား ဂါရဝပြုတွေ့ဆုံနှုတ်ဆက် သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် ဦးဆောင်သောအဖွဲ့ နှင့် နှစ်နိုင်ငံ တိုင်းရင်းသားရေးရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။ နေပြည်တော် ခရီးစဉ်ပြီးလျှင် မန္တလေးနှင့် စစ်ကိုင်းခရီးစဉ်။ ထိုခရီးစဉ်ကိုတော့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းဝေတို့ အနီးကပ် လိုက်ပါပို့ဆောင်၍ မဟာမြတ်မုနိဘုရားကြီး အား ဖူးမြော်ကြည်ညိုခြင်း၊ မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီးသို့ သွားရောက် ကြည့်ရှုလေ့လာခြင်းများအပြင် စစ်ကိုင်းမြို့သို့ ဆက်လက်ထွက်ခွာပြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

စစ်ကိုင်းမှ မန္တလေးဘက်သို့ ပြန်ကူးလာ ချိန်မှာတော့ ဦးစိန်မြင့် ရွှေခြည်ထိုးလုပ်ငန်းကို လည်း ကြည့်ရှုလေ့လာခဲ့ကြသည်။ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့သွားရောက် ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီး ဗိုလ်ချုပ် တင်အောင်ချစ်က ကြိုဆိုနှုတ်ဆက်သည်။ ခေတ္တကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင် နေသော ပါမောက္ခဦးတင်ဝက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ကျောင်းသားရွေးချယ်ပုံစနစ်၊ သင်ကြားနည်းစနစ်များ၊ တိုင်းရင်းသားလူငယ် များအနေဖြင့် သင်တန်းပြီးမြောက်ချိန်တွင် နိုင်ငံတော်က အလုပ်အကိုင်ခန့်ထားပေးမှု များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့သည်။ ယင်းသို့ရှင်းလင်းပြောကြားရာ၌ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးက ကျောင်းသားအချင်းချင်း guardian စနစ်ဖြင့် စောင့်ရှောက်သည့် စနစ်သည် အလွန်ကောင်းမွန်သော စနစ် ဖြစ်၍ မိမိတို့အတုယူပါကြောင်း၊ မိမိတို့ တိုင်းရင်းသားရေးရာကော်မတီအနေဖြင့် ဗီယက်နမ်နိုင်ငံအတွင်းမှ တောင်ပေါ်ဒေသ များသို့ လှည့်လည်သွားရောက်ပြီး တိုင်းရင်း သားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက် လာစေရေး အလေးထားဆောင်ရွက်လျက်ရှိ သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်း များနှင့် စာမျက်နှာ ၂ သို့ »»

## အမှတ်တရ ဗီယက်နမ်

» » ရွှေဖုံးမှ

သဘောသဘာဝတူညီပါကြောင်း၊ တိုင်းရင်းသားရေးရာ ကိစ္စရပ်များအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ဧည့်သည်တော် ဒုတိယဝန်ကြီး၏ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များထဲတွင် ဗီယက်နမ်တိုင်းရင်းသားလူငယ်များအား လေ့ကျင့်ပြုစုပျိုးထောင်ရာ၌ တောင်ပေါ်ဒေသ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ရည်မှန်းထားရှိဆောင်ရွက်နေပုံများကိုပါ သိရှိရသည်။ အထူးသဖြင့် ပြည်သူလူထုနှင့်အတူ ယှဉ်တွဲနေထိုင်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို ကြိုးပမ်းဖော်ဆောင်ပေးကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် စစ်ကိုင်းမြို့ခရီးစဉ်၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိစဉ်ကလည်း ဖွင့်လှစ်သင်ကြားပေးနေသည့် သင်တန်းများ၊ တက္ကသိုလ်၏ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်ပတ်သက်၍ စိတ်ဝင်တစားမေးမြန်းလေ့လာကြည့်ရှုခဲ့ကြသည်။ သတိပြုမိသည့် အကြောင်းခြင်းရာတစ်ခုမှာ နိုဝင်ဘာ ၂၅ ရက် ညဦးပိုင်းက နေပြည်တော်ရှိ Hotel Max ၌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပလျက်ရှိရာ ပြည်နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက် စိုက်ပျိုးထွက်ရှိသော သီးနှံအမျိုးအမည်များစွာကို စနစ်တကျ ခင်းကျင်းပြသထားကြောင်း တွေ့ရှိရသည်။ ဗီယက်နမ်နိုင်ငံသည် စိုက်ပျိုးရေး၌ အောင်မြင်ဖြစ်ထွန်းနေသည့်နှင့်အညီ ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိမိတို့နိုင်ငံ၏ ထွက်ကုန်သီးနှံများကို စိတ်ဝင်တစားခေါက်တုံ့ခေါက်ပြန် လှည့်ပတ်ကြည့်ရှုခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းများပြုလုပ်ခဲ့ကြောင်း တွေ့မြင်ခဲ့ရပါသည်။

ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီ ၁၀ မိနစ်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ လေဆိပ်နားနေဆောင်တွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ခရီးစဉ်ဓာတ်ပုံ ALBUM နှင့် ဗီဒီယိုမှတ်တမ်းတိပ်ခွေများကို လက်ဆောင်ပေးအပ်ခဲ့ပါသည်။ ထိုသို့လက်ဆောင်ပေးနိုင်ရန် ငါးရက်စာခရီးစဉ်မှတ်တမ်းတိပ်ခွေအား (၃၉)လမ်းတွင် တည်းဖြတ်ပြီးချိန်၌ ညနေ ၅ နာရီတိတိ ရှိသွားပြီဖြစ်သည်။ ယင်းနေရာမှ မင်္ဂလာဒုံလေဆိပ်သို့ ကားမောင်းချိန် တစ်နာရီခွဲခန့်သာကြာမည်ဟု ကျွန်တော်ခန့်မှန်းလိုက်သည်။ လက်တွေ့တွင်မူ ခြောက်နာရီခွဲနှင့် မရောက်ခဲ့။ လေယာဉ်ပေါ်တက်ရန် ၅ မိနစ်အလိုကျမှ လက်ဆောင်တိပ်ခွေများကို လူကြီးလက်ထဲအပ်နှံနိုင်ခဲ့သည်။ ဗီယက်နမ်ခရီးစဉ်သည် နှစ်နိုင်ငံ တိုင်းရင်းသားရေးရာကိစ္စရပ်များအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းခဲ့ပါသည်။ ချစ်ကြည်ရေးခရီးအလည်အပတ်လာရောက်ခဲ့သော ဗီယက်နမ် ဧည့်သည်တော်အဖွဲ့အတွက်လည်းကောင်း၊ ခရီးစဉ်တစ်လျှောက်လုံး အဆင်ပြေချောမွေ့စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဦးစီးဌာနနှစ်ခုမှ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများအတွက်လည်းကောင်း အမှတ်တရဖြစ်နေပါလိမ့်မည်။ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့တွက်ခဲ့မိသော ကျွန်တော့်အတွက်လည်း အမှတ်တရ ဖြစ်စေ

## ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ငါးတန်မွေးမြူကြပါစို့

ကမ္ဘာပေါ်တွင် ငါးတန်အမျိုးအစားများစွာရှိသည်။ မျိုးစိတ်ပေါင်း ၂၄ ခုကိုသာ စနစ်တကျမျိုးခွဲထားကြောင်း လေ့လာတွေ့ရှိရသည်။ ထိုင်းနိုင်ငံတွင် ၁၁ မျိုး၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ မျိုး၊ မလေးရှားနိုင်ငံတွင် သုံးမျိုးရှိကြောင်း သိရသည်။

ထိုင်းငါးတန် (Pangasius hypophthalmus)ကို ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများတွင် တွေ့ရှိရသည်။ သို့သော် ထိုင်းငါးတန်၏ မူရင်းဒေသသည် မြန်မာနှင့် အိန္ဒိယနိုင်ငံဖြစ်ကြောင်း အမေရိကန်နိုင်ငံ မီရိုဂန်တက္ကသိုလ်မှ ထုတ်ဝေသော (Diana, J.S et al, 1985) စာတမ်းနှင့် နော်ဝေနိုင်ငံမှ ထုတ်ဝေသော (Torxissen, k, k, 1990) စာတမ်းများမှ လေ့လာသိရှိရသည်။ ထိုင်းငါးတန်သည် သက်တမ်းတစ်နှစ်တွင် အရွယ်ရောက်၍ အလေးချိန် (1.0-1.5 kg) ခန့်ရှိသည်။ ကြီးထွားနှုန်း အကောင်းဆုံး ရေအပူချိန်မှာ 30-32 ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း လေ့လာသိရှိရသည်။ မိုးတွင်းကာလတွင် ရေစီးညင်သာ၍ အစာပေါ်များသော မြစ်အပေါ်ဘက်သို့ ဆန်တက်၍ မိတ်လိုက်လေ့ရှိသည်။

မြစ်ငါးတန် (Pangasius pangasius)ကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ မျိုးစိတ်ဟောင်းတစ်ခုဖြစ်သည်။ ရေချို၊ ရေငန်စပ် မြစ်ဝများတွင် ကျက်စားလေ့ရှိသည်။ အပုပ်အစပ်နှင့် သစ်ရွက်များကို စားသုံးလေ့ရှိသည်။ ခရုများအား အလုံးလိုက်မျိုချပြီး အသားများကို အစာခြေဖျက်ကာ အခွံများကို အလုံးလိုက်မစင်အဖြစ် စွန့်ထုတ်ပစ်တတ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ မိုးဦးကျကာလများတွင် ဥချလေ့ရှိသည်။ အကြီးဆုံးအရွယ်အစားမှာ 150 စင်တီမီတာခန့်ရှိပြီး များသောအားဖြင့် 100 စင်တီမီတာ အရွယ်များကိုသာ တွေ့ရသည်။

ယခုအခါမြန်မာနိုင်ငံတွင် ဗီယက်နမ်ငါးတန် Basa Fish, Scientific name (Pangasius bocourti) ကို စမ်းသပ်မွေးမြူနေပြီဖြစ်သည်။ ငါးတန်များသည် မိုးများသော ဇွန်၊ ဇူလိုင်လများတွင် ပေါက်ပွားလေ့ရှိပါသည်။ ဗီယက်နမ်ငါးတန်သည် အပင်များစားသုံးရသည်ကို နှစ်သက်သည်။ များသောအားဖြင့် ငါးတန်များသည် အစုံစားသတ္တဝါများဖြစ်ပြီး မွေးမြူရေးအတွက်လူတို့ပြုလုပ်သော အစာတောင့်များကိုလည်း ကောင်းစွာလက်ခံစားသောက်လေ့ရှိသည်။ ခန္ဓာကိုယ်ရှည်လျားပြီး လျင်မြန်စွာကြီးထွားသော ငါးမျိုးဖြစ်သည်။ အကောင်ငယ်လေးများသည် ပေါက်ပွားပြီး နှစ်လအကြာတွင် (10-12) စင်တီမီတာ ရှည်လျားလာပြီး အလေးချိန် (14-15)g ထိ ကြီးထွားနိုင်သည်။ ၁၀ လအရွယ်တွင်အလေးချိန် (1-1.5)g ရှိသည်။ Basa Fish များအား မဲခေါင်မြစ်တွင် အများဆုံးတွေ့ရှိရပြီး ရေချိုငါးဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများတွင် အအောင်မြင်ဆုံး မျိုးစိတ်တစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ငါးတန်မျိုးစိတ်စုစုပေါင်း သုံးခုခန့် မွေးမြူနိုင်ပြီဖြစ်သည်။

ငါးတန်ကို ဆေးထိုးသားဖောက်၍လည်းမွေးမြူနိုင်သည်။ ဆေးထိုးသားဖောက်မည်ဆိုပါက မျိုးကောင်းမျိုးသန့်ကိုရွေးချယ်၍ သားဖောက်ရန်လိုအပ်သည်။ မိုးတွင်းကာလဖြစ်သော မေလမှ စက်တင်ဘာလအတွင်းတွင် ဆေးထိုးသားဖောက်နိုင်သည်။ အကောင်ပေါက်ပြီး နှစ်ရက်အကြာတွင် အချင်းချင်းပြန်လည်စားတတ်သော ဓလေ့ရှိသောကြောင့် ထိုအချိန်မရောက်မီ မြေသားပြုစုကန်အတွင်းသို့ ရေအနက် တစ်ပေခွဲမှ နှစ်ပေထည့်၍ ရာသီဥတုကောင်းသော အချိန်တွင် လွှတ်ပေးရမည်။ ကြက်ဥ၊ ဘဲဥအနှစ်များကို ပြုတ်၍လည်းကောင်း၊ ဖွဲနုနှင့် ပဲပိစပ်မှုန့်များကို လည်းကောင်း ကျွေးရမည်။ ၂၀ ရက်မှ ၂၅ ရက် အကြာတွင် တစ်လက်မအရွယ် ငါးတန်များရရှိမည်ဖြစ်သည်။ တစ်နှစ်ခန့် ပြုစုပါက ငါးသားပေါက်အရွယ်အစား အလေးချိန် ၁၀ ကျပ်သားမှ ၂၀ ကျပ်သားအထိ ရရှိသည်။ အသားတိုး မွေးမြူမည်ဆိုပါက တစ်ဧကလျှင် ငါးကောင်ရေ ၂၅၀၀ မှ ၃၀၀၀ ထည့်သွင်းမွေးမြူနိုင်သည်။

ငါးတန်သည် အရိုးနည်းပြီးအသားနူးညံ့သောကြောင့် စားသုံးသူတို့အတွက် အကျိုးရှိစေသည်။ မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါများသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်ပါသည်။

(သဲဆုလှိုင်)



## တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် နွေစပါးပျိုးထောင်ပွဲကျင်းပ

မြိတ် ဒီဇင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်သွင်၏ လမ်းညွှန်မှုဖြင့် ပုလောမြို့နယ် ရှပ်ပုံကျေးရွာ တောင်သူဦးစိုးမြင့်၏ လယ်မြေတွင် ဒီဇင်ဘာ ၁ ရက်က နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရန်အတွက် ပုလဲသွယ် GW-1 အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးများအား ပျိုးထောင်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပျိုးထောင်ပွဲတွင် ပုလောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးဝင်းနှင့်ဝန်ထမ်းများ ဦးဆောင်၍ GAP စနစ်ဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေး၊ အရည်အသွေးနှင့် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူကြီးများ၊ စပါးအထွက်နှုန်း ပိုမိုထွက်ရှိရေးအတွက် ရည်ရွယ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ပါကြောင်း စည်းရုံးပညာပေးပြောကြားခဲ့သည်။

အဆိုပါပျိုးထောင်ပွဲသို့ ပုလောမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးဝင်းနှင့်ဝန်ထမ်းများ၊ World Vision (မြန်မာ)မှ စိုက်ပျိုးရေးတာဝန်ခံ ဦးရဲနိုင်နှင့်အဖွဲ့ဝင်များနှင့် တောင်သူ ၂၇ ဦး တက်ရောက်ခဲ့ကြပြီး ပုလောမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီတွင် ပုလဲသွယ် GW-1 မျိုး ဧက ၅၀ အား ဆက်လက်၍ ပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



## မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

» » ကျော်ဖုံးမှ

ကမ်းပြိုခြင်းနှင့် ရေလမ်းမကောင်းခြင်းသည် တိုက်ရိုက်အချိုးကျပြီး တစ်ခုကိုထိန်းပေးမှ တစ်ခုကောင်းမည်ဖြစ်ကြောင်း၊ တိုက်ရိုက်ကာကွယ်ရသည့်နေရာများတွင် ကမ်းထိန်းတမံများ တည်ဆောက်ပေးခြင်းပြုလုပ်နိုင်ပြီး တိုက်ရိုက်ကာကွယ်ရ၊ မရနိုင်သည့်နေရာများတွင် ရေကြောင်းလွှဲပေးရကြောင်း၊ အချို့ဒေသများသည် ကျွန်းကမ်းပါးမြေများဖြစ်၍ ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်နေကြောင်း၊ မြစ်ကြမ်းပြင် River Back Level မြင့်တက်လာသည့်အတွက် သောင်ထူလာခြင်း၊ ကမ်းပါးတိုက်စားခြင်းများ ဖြစ်ပေါ်နေကြောင်း၊ စလေမြို့အနီးတွင် မြစ်အကျယ် ၅ မိုင်ခန့်ရှိသည့်အတွက် ရေလမ်းကြောင်းအတွက် သောင်မွေးသင့်သည့် အခြေအနေ(သို့)သောင်ရှိသင့်ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၄၅ သန်းခန့်က ဖြစ်တည်ခဲ့သည်ဟု ယူဆသော ဧရာဝတီမြစ်သည် မည်မျှပြောင်းလဲခဲ့သည်မသိရှိနိုင်ဘဲ မြစ်တစ်ခုနှင့်တစ်ခု သဘာဝမတူ၊ Water Resource မတူသော အကြောင်းများကြောင့် မြစ်အပေါ်တာဝန်ယူ လုပ်ကိုင်စောင့်ရှောက်နေရသောသူများ၏ (Experience) အတွေ့အကြုံကသာ အကောင်းဆုံးအဖြေဟုယူဆပြီး နှစ်စဉ် တိုင်းတာခြင်း၊ ရေလမ်းကြောင်း၊ ရေစူးစစ်တမ်းများကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

“မြစ်ကြောင်းကောခြင်း၊ မြစ်ကြောင်းပျက်စီးရခြင်း၏ အဓိကအချက်မှာ သောင်ထွန်းခြင်းကြောင့်ဖြစ်ပါတယ်၊ သောင်ထွန်းခြင်းဟာလည်း မြေဆီလွှာ၊ မြေသားများကို ထိန်းသိမ်းထားနိုင်သည့် သစ်တောများပြုန်းတီးလာခြင်းကြောင့်လို့ အကြောင်းတစ်ချက်အနေနဲ့ယူဆနိုင်ပါတယ်၊ တစ်ဖက်မှာ သောင်တူးခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းများ ဆောင်ရွက်နေရမှာဖြစ်သလို အခြားတစ်ဖက်တွင်လည်း သစ်တောသစ်ပင်များကို ထိန်းသိမ်းပေးရမှာဖြစ်ပါတယ်”ဟု ဧရာဝတီအရေး စိတ်ပါဝင်စားသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ထင်ရှားသည့် ဒင်ညုမြစ်၊ မစ္စစ္စပီမြစ်တို့တွင် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသကဲ့သို့ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ ရေသယံဇာတများဖြစ်သည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများကို ဖွံ့ဖြိုးတိုးတက်စေပြီး အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ပြည်တွင်းမြစ်ကြောင်းသွား ရေယာဉ်ကြီး/ရေယာဉ်ငယ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်၊ နိုင်ငံမြေမဆုံးရှုံးစေရေးအတွက် ကာကွယ်တားဆီးသွားရန်ဟူသော ဦးစီးဌာန ရည်မှန်းချက် (၃)ရပ်နှင့် လုပ်ငန်းတာဝန်ကြီး (၈)ရပ် ချမှတ်ကာ ချင်းတွင်း၊ ကုလားတန်၊ သံလွင်၊ စစ်တောင်း၊ ဧရာဝတီမြစ်ကြီးများအား ထိန်းသိမ်းကာကွယ်ရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်အတွင်း ပြည်သူများ ကြုံတွေ့ခဲ့ရသော ကမ်းပါးပြိုကျ၍ လူနေအိမ်များ ရွှေ့ပြောင်းရခြင်း၊ သောင်ထွန်းခြင်း၊ ရေစူးတိမ်ခြင်းတို့ကြောင့် ရေကြောင်းသွားကုန်စည်ကူးသန်းရောင်းဝယ်မှု အဟန့်အတားဖြစ်ပေါ်နေခြင်းများအား ယခုလုပ်ငန်းစဉ်များက အဆင်ပြေကောင်းမွန်လာအောင် ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီး



# ဆီထွက်သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ တောင်သူများဈေးကောင်းမျှော်

**ယင်းမာပင် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အတွင်းမှ ပြဟ္မဒတ်ကျေးရွာအုပ်စု ပြဟ္မဒတ်၊ တံခါးရင်း၊ သရက်ကန် စသည့်ကျေးရွာများမှ တောင်သူများသည် ယခုနှစ်မိုးလေဝသ ကောင်းမွန်သဖြင့် တော်သလင်းလပြည့်ကျော်မှ စတင်ပြီး စိုက်ပျိုးထားသော ဆင်းပဒေသာ ၁၁ မြေပဲ၊ နှမ်းကြီးနှင့် နေကြာ စသည့် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းသဖြင့် အထွက်နှုန်းကောင်းပြီး ဈေးကောင်းမျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ပိုင်တဲ့ လယ်မြေ ခြောက်ဧကကျော်မှာ မိရိုးဖလာသားစဉ်မြေးဆက် နှစ်စဉ်မပျက် သီးနှံမျိုးစုံကို ခေါးမဦးချတောင်သူလုပ်ငန်းများအဖြစ် စိုက်ပျိုးလာတာဟာ နှစ်သုံးဆယ်ကျော်ရှိပါပြီ။ သီးနှံများထဲမှ ဆောင်းသီးနှံကိုစိုက်ပျိုးရာမှာ အဓိကဦးစားပေး ဆင်းပဒေသာ ၁၁ မြေပဲကို စိုက်ပျိုးပါတယ်။ အခြားသီးနှံများအနေဖြင့်လည်း နှမ်းကြီးနဲ့နေကြာတို့ကိုလည်း စိုက်ပျိုးထားပါတယ်။ သီးထပ်သီးညှပ်အနေနဲ့ မြေပဲနဲ့နေကြာ၊ ကုလားပဲနဲ့နေကြာတို့ကိုလည်း စိုက်ပျိုးပါတယ်။ အုပ်စုအတွင်းမှ တောင်သူများလည်း စိုက်ပျိုးကြပါတယ်။ မြေပဲကတော့ ယခင်နှစ်ကနဲ့မတူအောင် အထွက်နှုန်းပိုကောင်းမှာပါ။ ကျွန်တော့်အတွေ့အကြုံအရ ယခင်က စပိန်မြေပဲစိုက်ကြပါတယ်။ တစ်ဧကကို အတောင့် တင်း ၄၀ ထွက်ပါတယ်။ အတောင့်တစ်တင်းကို ငွေကျပ် တစ်သောင်းပေါက်ဈေးရပါတယ်။ အရှုံးတော့မရှိပေမယ့် အမြတ်ကျန်တာ နည်းပါတယ်။ အထွက်နှုန်းမကောင်းလို့ စိုက်ပျိုးသူနည်းလာပါတယ်။ ယခုဆင်းပဒေသာမြေပဲက ယခင်နှစ်က မြေပဲအတောင့်တင်း ၆၀ ကျော်ထွက်ပါတယ်။ စိုက်ပျိုးလာတာ သုံးနှစ်ကြာပါပြီ။ အထွက်နှုန်းက ယခုနှစ် မိုးလေဝသကောင်းမွန်လို့ မြေပဲစိုက်ပျိုးပြီး တစ်လသားအရွယ်မှာ ရေဖျန်းပက်ချိန်အကိုက် မိုးရွာသွန်းလို့ အုပ်စုအတွင်းမှ တောင်သူများ အဆင်ပြေကြတာကို တွေ့ရလို့ ဝမ်းသာပျော်ရွှင်မိပါတယ်"ဟု တံခါးရင်းကျေးရွာမှ တောင်သူ ဦးသိန်းထွန်းက ပြောကြားသည်။

"စိုက်ပျိုးနည်းစနစ်တွေကို ယင်းမာပင်ခရိုင်စိုက်ပျိုးရေးရုံးမှ တာဝန်ရှိသူတွေက ကျေးရွာမှ တောင်သူတွေကို သင်တန်းခေါ်ယူပြီး စာတွေ့လက်တွေ့ဆွေးနွေးကာ ကွင်းဆင်းဟောပြောသင်ကြားပြပေးမှုကြောင့် ယခင်မိရိုးဖလာအတိုင်းမဟုတ်ဘဲ ထယ်ရေးညက်ညက်နက်နက် လယ်တစ်စပ်ကို စတင်ထွန်ပြီးနောက် စိုက်တန်းအရ ပင်ကြား ၁၅ လက်မ အကွာထား စိုက်ပျိုးပါတယ်။ သွင်းအားစု ကွန်ပေါင်းခတ်မြေဩဇာ တစ်အိတ်ငွေကျပ် ၃၀၀၀၀ နှင့်မျိုးစေ့ချတစ်ဦး၊ ထွန်မောင်း တစ်ဦး၊ ဂျုပ်ဖို့တစ်ဦး စုစုပေါင်း သုံးဦးအတွက် တစ်မနက်ခင်းအပြီး ငွေကျပ် ၆၀၀၀ ပေးရပါတယ်။ ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင်လည်း ရွက်လိပ်၊ ရွက်ကပ်ပိုးသတ်ဆေး တစ်လီတာခန့် ငွေကျပ် ၁၂၀၀၀ အကုန်အကျခံကာ ပက်ဖျန်းပေးရပါတယ်။ အရင်းအနှီးအနေနဲ့ ဆင်းပဒေသာ ၁၁ မြေပဲစိုက်ပါက တစ်ဧကအတွက် ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စုစုပေါင်းငွေကျပ် ၁၁၀၀၀၀ ကုန်ကျပါတယ်။ စိုက်ပျိုးသည့်အချိန်မှ စတင်ပြီး လေးလအကြာတွင် ရိတ်သိမ်းခူးဆွတ်နိုင်ပါတယ်။ ယခုနှစ် တစ်ဧကအတွက် အတောင့် တင်း ၇၀ ထွက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဒါကြောင့် အရှုံးမရှိသည့် ဆင်းပဒေသာ ၁၁ မြေပဲသီးနှံကို ကျွန်တော့်လို စိုက်ပျိုးခြင်းဖြင့် ဈေးကောင်းရရှိပြီး ဝင်ငွေများစွာ ရရှိနိုင်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

**(ထွန်းကိုကို-ယင်းမာပင်)**

ပဲခူးတိုင်းဒေသကြီး

# ရွှေတောင်မြို့နယ် ကြံသီးနှံစံကွက်ရိတ်သိမ်း

**ရွှေတောင် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းအုပ်စု ညောင်ဝိုင်းကျေးရွာတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန စံပြစိုက်ကွင်းတွင် ကြံသီးနှံစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ရွှေတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် တိုင်း/ခရိုင်/မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် စိုက်ပျိုးရေးဘဏ်မန်နေဂျာ၊ စိုက်ပျိုးရေးဌာနမှ မြို့နယ်ဦးစီးမှူး၊ ဒုတိယမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူးနှင့် ညောင်ဝိုင်းကျေးရွာမှ တောင်သူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများအား G.A.P စနစ်ဖြင့် စိုက်ပျိုးထားသော စံပြကွက်တွင် တစ်ဧကထွက်ရှိမည့် ကြံတန်ချိန်ခန့်မှန်းတွက်ချက်မှု စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး တောင်သူများက သိလိုသည့်မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၁၄၃)**



မကွေးတိုင်းဒေသကြီး

# မီးဘေးကြိုတင်ကာကွယ်ရေးရေလှောင်ကန် ကွင်းဆင်းစစ်ဆေး

**သရက် ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့မဈေးအတွင်း ဂါလန် ၁၆၀၀ ဆံ့ အမြင့်တင် ရေကန်တစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခု ဆောင်ရွက်ထားရှိမှုကို သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါရေလှောင်ကန်များ ဆောက်လုပ်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ ကော်မတီအဖွဲ့ဝင် ဦးကြည်၊ အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့က ကွင်းဆင်းစစ်ဆေးရာ ဈေးတာဝန်ခံနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဈေးအကျိုးတော်ဆောင်များက အဆိုပါရေလှောင်ကန်များ ဆောက်လုပ်ထားရှိသည့်အတွက် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအပေါ် အားရကျေနပ်မိပါကြောင်း ပြောကြားခဲ့သည်။

**ဇော်ထက်(သရက်)**

မကွေးတိုင်းဒေသကြီး

# တောင်သူများ နွားစာရိတ်သိမ်းစုဆောင်းနေ

**မကွေး ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အရှေ့ဘက်ကျေးရွာများရှိ တောင်သူများသည် နွားများအတွက် နွားစာများကို ကြိုတင်စုဆောင်းနေကြကြောင်း သိရသည်။



ယမန်နှစ်က မိုးဦးနောက်ကျမှုကြောင့် နွားစာရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် တောင်သူများ နွားစာအတွက် ယခုနှစ် မိုးနှောင်းပိုင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နွားစာကိုသာ အဓိကထားစိုက်ပျိုးခဲ့ရာ ယခုဆိုလျှင် ရိတ်သိမ်းချိန်ရောက်သဖြင့် ပြောင်းရိုးများရိတ်သိမ်းခြင်း၊ ပဲလွမ်းများထွေခြင်း၊ ပဲရိုးများစုခြင်းတို့ဖြင့် အလုပ်လှိုင်နေကြောင်း သိရသည်။ ပြောင်းရိုးရိတ်သိမ်းရာတွင် အလုပ်သမားခမှာ ပြောင်းရိုးအထုံး ၁၀၀ လျှင် ၁၅၀၀ ကျပ်နှုန်းရှင်းရပြီး တစ်နေ့လျှင် အလုပ်သမားတစ်ဦး ပြောင်းရိုးအထုံး ၂၅၀ အထိ ရရှိကြောင်း၊ ပဲလွမ်းထွေရာတွင် နေ့စားခ အလုပ်သမားတစ်ဦးလျှင် ကျပ် ၃၀၀၀ နှုန်း ရှင်းပေးရကြောင်း သိရသည်။

ယင်းနွားစာများကို တောင်သူများက ပွင့်လင်းရာသီ၊ နွေရာသီကိုကျော်ဖြတ်ရမှာဖြစ်သည့်အတွက် နွားစာများကို အိမ်သို့အကုန်မသယ်ဘဲ မိမိတို့ယာခင်းထဲမှာပင် မိုးလုံလေလုံရန် အမိုးအကာများဖြင့် စုပုံထားကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

**ဇာဇာ(မကွေး)**

ကရင်ပြည်နယ်

# ကရင်ပြည်နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**သံတောင်ကြီး ဒီဇင်ဘာ ၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာရှိ ကွင်း (OSS)ဦးပိုင်အမှတ် (၁၂၆) ဦးစောဂျော့ပိုင်လယ်တွင် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ မိုးစပါး ဆင်းသုခစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်စိုက်/ကြပ်ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစောအူးမော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခိုင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး စံကွက်၏အထွက်နှုန်းမှာ ၁၁၇ ဒသမ ၅၆ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

**(၁၂၉)**





ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ငါးတန် မွေးမြူကြပါစို့

စာမျက်နှာ - ၂ » »

ဆီထွက်သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ တောင်သူများ ဈေးကောင်းမျှော်

စာမျက်နှာ - ၃ »»





ကရင်ပြည်နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

စာမျက်နှာ - ၃ »»

# မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုသူများ၊ ခရီးသွားများ၊ မြစ်ကြောင်းဝဲ၊ ယာတွင် နေထိုင်ကြသူများအတွက် အခက်အခဲများဖြစ်သည့် သောင်ထွန်းခြင်း၊ ကမ်းပါးပြိုခြင်း ကိစ္စရပ်များအပြင် နိုင်ငံ၏ပုံရိပ်တစ်ခုဖြစ်သော ဧရာဝတီအား ထိန်းသိမ်းနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သန်း ၅၉၀ ကျော်အသုံးပြု၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အနောက်ဂန့်ဂေါ ကမ်းပါးပြိုကျမှုကာကွယ်ရေးအတွက် ကျပ် ၃၁၅ သန်း၊ ကံမဒေသ ရေကာဆောက်လုပ်ရေးအတွက် ကျပ် ၃၄ သန်းအသုံးပြုပြီး နိုဝင်ဘာလကတည်းက လုပ်ငန်းတွေစနေပါပြီ။ ဒီဇင်ဘာလတတိယပတ်ထဲမှာ ပခုက္ကူကြက်တန်းကုန်းမြစ်ရေတိုက်စားမှု၊ သောင်ထွန်းမှုပြဿနာတွေကိုဖြေရှင်းဖို့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်အရ ကျပ်သန်း ၂၄၁ ဒသမ ၉၄ သန်းနဲ့လုပ်ငန်းတွေစပါမယ်။ ၁၉၈၆ ခုနှစ်က နယ်သာလန်ပညာရှင်တွေနဲ့ တိုင်ပင်ရေးဆွဲထားတဲ့ Master Plan ကို အမာခံကိုင်ပြီး မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်သွားမှာပါ"ဟု ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဇော်လွင်က ပြောသည်။



ဇေယျာတု(မကွေး)

အနောက်ဂန့်ဂေါဒေသတွင် အလျားပေ ၉၅၀၊ အမြင့် ပေ ၅၀ သုံးဆင့် ကမ်းထိန်းတည်ဆောက်ခြင်း၊ ကံမဒေသ (သနပ်ကုန်း)တွင် ရေကြောင်းတိုင်းထွာချက်ဖြင့် ဒီဇိုင်းရေးဆွဲပြီး အလျားပေ ၈၀၀ ရှိ ရေကာနှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ပြည်သူ့လွှတ်တော်ပထမအကြိမ် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပခုက္ကူပြည်သူ့လွှတ်တော်အမတ်က ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ပြန်လည်ဖြေကြားခြင်းနှင့် စပ်လျဉ်း၍ ပခုက္ကူဒေသတွင် အလျားမီတာ ၂၀၀၀ သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်သည်။

"သောင်တွေကို ကွေ့ဝိုက်သွားနေရတော့ ခရီးမတွင်ဘူး၊ စရိတ်စကတွေ ပိုကုန်တယ်။ ရေစူးကမနက်တော့ ကုန်တင်ချင်သလောက် တင်လို့မရပြန်ဘူး၊ အရင်ကမြစ်ကြောင်းတွေ ပိုကောင်းတော့ တန် ၂၅၀ လောက် တင်လို့ရတယ်။ ခုကတော့ မြစ်ကြောင်းမကောင်းတဲ့နေရာတွေမှာ ရေကြောင်းစမ်းဘုတ်ကလေးတွေနဲ့ စမ်းသွားနေရတယ်၊ ရေစူးမနက်လို့ ကုန်က တန် ၂၀၀ လောက်ပဲ တင်နိုင်တော့တယ်။ ဆန်အိတ်တစ်ထောင်လောက် လျှော့လိုက်ရတဲ့သဘောပေ့ါ။ ပြန်ရင်လည်း မကွေးရေကြောင်းက သိပ်မကောင်းတော့ မင်းဘူးဘက်က ပတ်သွားရတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမှ မကွေးသို့ ဆန်ပို့သင်္ဘော(အောင်သီရိ)တွင် ကြီးကြပ်အဖြစ် လိုက်ပါလာသူ ဦးသောင်းမြင့်က ရှင်းပြသည်။

ပွင့်ဖြူမြို့နယ်၊ ရေနံချောင်းမြို့နယ်များအတွင်း ဧရာဝတီမြစ်ကြောင်းသွား ကုန်စည်ရောင်းဝယ်ဖောက်ကားနေကြသော ဒေသခံများအနေဖြင့်လည်း အလားတူကိစ္စရပ်များ ရင်ဆိုင်နေရပြီး အဆိုပါ အခက်အခဲပေါ်မူတည်၍နယ်ခံကုန်သည်ဝိသမလောဘသားအချို့၏ ဈေးကွက်ကစားမှုကို ခံနေရကြောင်း သိရသည်။ "စက်လှေမှာပါတဲ့ ကုန်က နည်းတယ်။ ကွေ့ဝိုက်သွားနေရတော့ ခရီးရှည်ပြီး စရိတ်စကမများရအောင် နီးစပ်တဲ့နေရာမှာ ဝင်ရောင်းပြန်တော့ ဈေးနှိမ်တာတွေ ကြုံရတယ်"ဟု ပွင့်ဖြူမြို့နှင့် ရေနံချောင်းမြို့အကြား ဧရာဝတီမြစ်အတွင်း သံကိုင်းကျွန်းကြောင့် အခက်အခဲဖြစ်နေရသူ ဘူးကျွန်း၊ ဖရဲကျွန်းမှ ဒေသခံတစ်ဦးက ပြောသည်။ ၂၀၁၄ ခုနှစ်အတွင်း ပခုက္ကူ ဂန့်ဂေါ၊ စလင်း၊ ကံမမြို့နယ်များတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ရာရွှေ့ပြောင်းမှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။

စာမျက်နှာ ၂ သို့ » »

# ပဲခူးတိုင်းဒေသကြီးအတွင်း စက်မှုစွမ်းအားဖြင့် စပါးထုတ်လုပ်မှုမြန်ဆန်လာ



**ရန်ကုန် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီးမြောက်ပိုင်းရှိ လယ်ယာမြေများ လယ်ယာသုံးစက်ကိရိယာများ အသုံးများလာသဖြင့် စပါးရိတ်သိမ်းရာတွင် အချိန်ကုန်လူသက်သာကာ အလေအလွင့်နည်းပြီး မြန်ဆန်လာကြောင်း သိရသည်။

စပါးရိတ်ခ လူဖြင့်ရိတ်ခ တစ်ဧကပုတ်ပြတ် နှစ်သောင်းကျပ်ကို တစ်ဦးတည်း သုံးရက်ကြာ ရိတ်ကြရသည်။ ရိတ်သိမ်းပြီးနောက် ကောက်လှိုင်းစည်းခြင်း၊ နွားလှည်းများဖြင့် တိုက်သွင်းခြင်းတို့ဖြင့် လူအင်အားများစွာ အသုံးပြုရပြီး လူလုပ်အားစရိတ်တစ်ဦးကို တစ်ရက်လျှင် စရိတ်ငြိမ်း နေ့စားခ ကျပ်ငါးထောင်ပေးရပြီး အဆင့်ပိုများကာ စပါးအလေအလွင့်လည်း ပိုများသည်။ ယခုလို စပါးရိတ်ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရာတွင် တစ်ဧကလျှင် တစ်နာရီနီးပါးသာကြာပြီး ရိတ်သိမ်းခမှာ တစ်ဧကလျှင် ကျပ်သုံးသောင်းခွဲ၊ လေးသောင်းခန့်နှုန်းဖြင့် စပါးရိတ်ခြွေလှေ့စက်တစ်စီးသည် တစ်နေ့လျှင် စပါး ၁၂ ဧကကျော် ပြီးမြောက်နိုင်သည်။

အခါလွန်မိုးများဒဏ်ကြောင့် ယိုင်လဲပြားကပ်သွားသည့် စပါးခင်းများကို လူဖြင့်ရိတ်သိမ်းကာ ခြွေလှေ့စက်များဖြင့် စပါးခြွေလှေ့ကြပြီး ပုံမှန်စပါးခင်းများတွင်မူ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းကြသဖြင့် အချိန်ကုန်လူပင်ပန်းသက်သာကာ မြန်ဆန်စွာလယ်ယာစခန်းသိမ်းလာနိုင်ကြပြီဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။ ယခုအခါ စပါးရိတ်ခြွေလှေ့စက်များ တစ်နယ်လျှင် တစ်လုံးနှစ်လုံးထိ ဝယ်ယူလာနိုင်သဖြင့် တောင်သူလယ်သမားများအတွက် ပိုမိုအဆင်ပြေလာကြောင်း သိရသည်။ တစ်ရက်လျှင် ခြွေလှေ့စက်တစ်လုံးလျှင် ရိတ်သိမ်းပြီး ကောက်လှိုင်းစည်းများကို စပါးတင်း ၃၀၀ အထိ ခြွေလှေ့နိုင်ပြီး တစ်တင်းလျှင် ကျပ် ၁၇၀ ဝန်းကျင်ခန့်ဖြင့် ခြွေလှေ့ကြောင်းသိရသည်။ ထိုဒေသများရှိ စပါးထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၇၀ နှင့် ၁၀၀ ကြားသာရှိပြီး စပါးအဝယ်လိုက်သော်လည်း စပါးဈေးမှာ သက်ငယ်စပါးတင်းတစ်ရာလျှင် ကျပ် ၃၈၀၀၀၀ သာရှိကြောင်း လယ်ရှင်တစ်ဦးက ပြောသည်။

(သန့်ဇင်ဝင်း)


68 RESIDENCE CONDOMINIUM
WE DEFINE LIFESTYLE
UNITED
SOMERSET SERVICED RESIDENCE
More than
82%
Sold Out
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
ZONE
SOMERSET
1st Prize
2nd Prize
3rd Prize
CONDOMINIUM
BMW 528 BRAND NEW
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-340 7541, 09-2501 41060
OPEN DAILY

UAB

UNITED AMARA BANK

ယူနိုက်တက်အမရဘဏ်

**လုံခြုံစိတ်ချ၊ အားထားယုံကြည် UAB**

ယူနိုက်တက်အမရဘဏ်မှ

မိတ်ဖွဲ့ဆက်ဆံသူ Customer များအတွက် ပိုမိုအကျိုးရှိစေမည့်

နေ့စဉ်အတိုးတွက်ချက်ပေးသော

**Super Call Deposit Account**

အား ၁၃.၁၁.၂၀၁၄ မှ စတင်ပြီး ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါကြောင်း

သတင်းကောင်းပါးအပ်ပါသည်။

## သတ်မှတ်အတိုးနှုန်းထားများ

| အပ်ငွေ (ကျပ်) | အတိုးနှုန်း |
|---|---|
| ကျပ်သိန်း(၁၀၀)အောက် | ၄.၀၀ % |
| ကျပ်သိန်း(၁၀၀)နှင့် အထက်မှ ကျပ်သိန်း(၁,၀၀၀)အောက် | ၈.၂၅ % |
| ကျပ်သိန်း(၁,၀၀၀)နှင့် အထက်မှ ကျပ်သိန်း(၅,၀၀၀)အောက် | ၈.၃၀ % |
| ကျပ်သိန်း(၅,၀၀၀)နှင့် အထက် | ၈.၃၅ % |

အထက်ဖော်ပြပါ အတိုးနှုန်းများသည် တစ်နှစ်အပေါ်အခြေခံသော အတိုးနှုန်းများ ဖြစ်ပါသည်။

"SAFE,SOUND & TRUSTWORTHY"

www.unitedamarabank.com
www.facebook.com/UnitedAmaraBank

Call Center : 01- 8603305
Email : prd@unitedamarabank.com

ROLEX, OMEGA နှင့် SWISS

SERVICE

ROLEX

ရွှေလာဝန်း

ဖုန်း - ၀၁ - ၂၄၆၈၂၅

iStock

Contact Us ...

GOLDEN STAR

ရွှေဆင့်

OCTAGON | SCANIA | LIEBHERR

| No. | Job Title | Experience | Qualification | No. of Requirement | Brand | Salary |
|---|---|---|---|---|---|---|
| 1 | Sales Manager | [illegible] | Any Graduate or [illegible] MBA/BBA/DBA | 1 person | Scania | negotiable |
| 2 | Account Manager | 3 years experience in related field English speaking & Writing | [illegible] ACCA,CPA | 1 person | Liebherr | negotiable |
| 3 | Service Technician | [illegible] English speaking & Writing | [illegible] / B.Tech | 10 persons | Liebherr & Scania | nearly [illegible] |
| 4 | Import Section Staff | Photoshop, Microsoft office, Internet, [illegible] Custom clearance and English Writing | Any Graduate | 2 persons | Scania | nearly [illegible] |
| 5 | Graphic Designer | [illegible] | Any Graduate | 2 persons | Scania | negotiable |
| 6 | Training Manager | [illegible] | Any Graduate | 2 persons | Scania | negotiable |
| 7 | Sales Admin | Good Communication with English speaking writing | [illegible] | 4 persons | Liebherr & Scania | nearly [illegible] |
| 8 | Account Staff | [illegible] | [illegible] accounting | 2 persons | Liebherr | nearly [illegible] |
| 9 | Marketing & Communication Assistant | [illegible] | Any Graduate | 1 person | Scania | nearly [illegible] |

Please send your CV, copy of degree certificate, NRC, Labour Registration card (if any) and recent (1) photo to
Octagon Automobile and Machinery Services Co.,Ltd
[illegible]
Email Address: [illegible] / Tel: [illegible]
(Note: Service Technician can work in [illegible] Township)
Closing Date: [illegible]




AIR KBZ

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်
STRENGTH OF MYANMAR

For More Information:
Reservation: 01 - 373779
Email: ticketing@airkbz.com.mm


15 Anniversary CHARITY
JUNCTION CENtRE
15th Anniversary with Charity Show
14th DEC at JUNCTION SQUARE FOUNTAIN AREA (6:00PM)
ဇာဂနာ စုစည်းသည့်
"စနိုးတော်များ SHOPPING ထွက်ခြင်း"
ပြဇာတ် အစီအစဉ်
မင်းမော်ကွန်း၊ ကျော်ကျော်မိုလ်၊ ထွန်းထွန်း၊
မေသဉ္ဇာဦး၊ ခိုင်သင်းကြည်
ဝင့်ယမုံလှိုင်၊ မေမြင့်မိုရ်
Rဇာနည်၊ ရဲလေး၊
ဖိုးကာ၊ ဝေလ၊
ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊
မီစန္ဒီ၊ နန်းသူဇာ၊ နန်းမြတ်ဖြိုးသင်း
လက်မှတ်တစ်စောင် ဝယ်ယူသူတိုင်း
ကံစမ်းမဲတစ်စောင် ရရှိနိုင်မည့်အခွင့်အရေး
LUCKY DRAW
MORRIS GARAGES
BRAND NEW CAR FROM UK
MG3
Ticket Price
15,000 KS
Sponsored By
Media Partner By
လက်မှတ်ရောင်းရငွေများအားလုံးကို Junction Group CSR Program များတွင်
လှူဒါန်းသွားမည်ဖြစ်ပါသည်။ ၀၉-၄၂၁၁၆၉၁၁၁၊ ၀၉-၂၅၀၃၉၆၄၅၂။
လက်မှတ်များကို Junction Centre Information Counter များတွင် ဝယ်ယူနိုင်ပါသည်။
www.junctioncentregroup.com www.facebook.com/junctionshoppingcentre







## ဆိုင်ခန်းရောင်းမည်

ယုဇနပလာဇာ၊ အမှတ်-52(A)၊ မြေညီထပ်၊ ဝင်ပေါက်(၇)အနီး၊

**ဖုန်း-၀၉-၅၁၁၃၄၄၅၊ ၀၉-၇၉၅၂၇၀၇၁၄**

## အမြန်ရောင်းမည်

သနပ်ခါးနှဲ့စက် - ၁လုံး

အခြောက်ခံစက် - ၁လုံး

လိုအပ်လျှင် သနပ်ခါး နည်းပညာ ပါပေးမည်။ **ဖုန်း-၀၉-၂၅၅၈၀၀၅၄၉**


## ခြံရောင်းမည် (ပွဲစားမလို)

မြေပိုင်ရှင် ကိုယ်တိုင်ရောင်းမည်။ ပေ(၄၀×၆၀) (နှစ်ကွက်)၊ ဒဂုံအရှေ့ပိုင်း အမြန်စုံစမ်းပါ။

**ဖုန်း-၀၉-၇၃၁၄၄၁၁၃**






## တိုက်ခန်းရောင်းမည်

သဃ်န်းကျွန်း၊ ငမိုးရိပ်(၃)၊ (၄)လမ်း ပေ(၁၂. ၅×၅၀)၊ ကြွေပြား/ပါကေးခင်း၊ ပထပ်၊ သိန်း(၄၂၀) ညှိနှိုင်း။

**ဖုန်း-၀၉-၄၅၀၀၄၇၅၆၉**

## တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈-လမ်းအောက်လမ်း (မဟာဗန္ဓုလလမ်းမကြီးနှင့်အနီး)၊ တိုက်သစ်၊ ပထမထပ်၊ အဆင့်မြှင့်တင်ပြီး၊ ပေ(၂၀×၅၀)၊ 1MBR၊ 2BR၊ 3AC၊ ကျွန်းပါကေးခင်း၊ ကြိုးဖုန်း၊ အိမ်မီတာ(၁)လုံး၊ အိမ်သုံးပါဝါမီတာ(၁)လုံး။

**သိန်း(၂၄၀၀)**

**Ph:09-2002309, 09-5085641, 09-8610321**











**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ**

**လျှောက်ထားကြောင်း အကြောင်းကြားစာ**

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**

**၂၀၁၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၅၁**

ကွယ်လွန်သူများ ဦးA.Kဒတ်စ်(ခ)Mr.A-Arul Dassနှင့် ဒေါ်မာဂရက်တို့၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးနေဝင်းအောင် လျှောက်သူ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်၊ (၁၅၃)လမ်း၊ အမှတ်-၃၄ နေ ဦးနေဝင်းအောင်က ကွယ်လွန်သူများဖြစ်ကြသော ဦးA.Kဒတ်စ်(ခ)Mr.A-Arul Dassနှင့် ဒေါ်မာဂရက်တို့၏သားဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူများ ဦး A.K ဒတ်စ်(ခ)Mr.A-Arul Dass နှင့် ဒေါ်မာဂရက်တို့မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူများ ဦးA.Kဒတ်စ်(ခ)Mr.A-Arul Dassနှင့်ဒေါ်မာဂရက်တို့မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးနေဝင်းအောင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**

**ခရိုင်တရားသူကြီး**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**


# Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းစက်၊ အမည်းကွက်၊ နေလောင်ကွက်၊ အသားဖြူ အရေးကြောင်းများနှင့် အမာရွတ် ချိုင့်ခွက်၊ အသားရေတင်းရင်းခြင်းများ ပြုပြင်ရာဌာန


ရန်ကုန်မြို့ (၁) ဘုရင့်နောင်တာဝါ 2(A)၊ လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊
ဖုန်း-၀၁-၅၃၂၁၈၃၊ ၀၉-၂၀၅၃၁၈၆


(၂) ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး၊
ဖုန်း-၀၉-၂၀၀၀၉၂၆


(၃) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့်ကပ်လျက်၊ မင်္ဂလာတောင်ညွန့်၊
ဖုန်း-၀၁-၃၉၃၀၉၇၊ ၀၉-၉၁၀၁၉၂၆၄

(၄) တိုက်အမှတ်(၂၄)၊ အခန်း(၀၀၂)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၇၉၈၈၀၇၉၁၁၊ ၀၉-၇၉၈၈၀၇၉၁၂

(၅) အမှတ်-11-C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ ရန်ကင်း၊ အထက(၂) ကျောင်းဘေး၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၇၉၈၇၃၄၄၇၈၊ ၀၉-၂၅၈၃၀၄၀၀၈








## ဈေးစနဲ့ မင်္ဂလာဆုတောင်း

အေးမြသာယာသော ဒီဇင်ဘာလ(၇)ရက်နေ့တွင် ကျရောက်သည့် ချစ်သမီးရတနာ

**မပိုးပိုးဗိုး @ Cindy Toh ၏**

ဈေးနေ့ မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝ၊ နှလုံးလှ၍ သက်ရှည်ကျန်းမာ လိုအင်ဆန္ဒပြည့်ဝလျက် နှစ်ပေါင်းရာကျော်တိုင်အောင် ဖေဖေဦးအော်ဂိုးနိုင် + မေမေဒေါက်တာစောနေနွယ် တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

AA Medical Products Ltd., AA Marketing Co., Ltd.

Success & Success International Ltd.

Pacific Alpine Myanmar Ltd.

Pacific-AA Motor Ltd. မှ ဝန်ထမ်းများ။

## နှစ်(၄၀)ပြည့် "ပတ္တမြားရတု" မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးစွေထွန်း (ပါမောက္ခ-ငြိမ်း)နှင့် ချစ်မေမေ ဒေါ်သက်သက်(Baby) တို့၏ (၇-၁၂-၂၀၁၄)ရက်နေ့တွင် ကျရောက်သော နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ ...

ချစ်သမီး - ... HR Executive, Mectrade Engg. Pte.Ltd. (S'pore)

- ... Service Engineer, Multistack Facil. Pte.Ltd. (S'pore)

ချစ်သား - ... Dy. Const. Manager, Rotary Engg. Ltd. (S'pore)

မြေးချစ် - ... (a) Wendy, P1, Boon Lay Garden Primary School (S'pore).

March 2015 intake

50 % Scholarship

MIEC PMC

နေမိုရီ ...

ထွက်ပြီ

၁။ နိုင်ငံရေးသမား/သတင်းစာဆရာ ... ထင်ရှုမ်း ... (သခင်ကျော်စိန်၊ ... သိန်းဖေမြင့်)

၂။ ကမ္ဘာ့စစ်နှင့်ငြိမ်းချမ်းရေး ------ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော

၃။ မြိုင် (တတိယအကြိမ်) ------ ဇော်ဂျီ

၄။ ... (၅-အကြိမ်) ---- ... (ကောင်းဝယ်)

၅။ ကိုယ်မှာပင် ... (၁၀-အကြိမ်) ------ ...

## ပိုင်ရှင်ကိုယ်တိုင် တိုက်ခန်းရောင်းမည်

စမ်းချောင်း၊ မကြီးကြီးလမ်း၊ နေရာကောင်း (၁၃½' × ၆၀')၊ 2F. BR(2)၊ ထပ်ခိုးတစ်ဝက်ပါ၊ ကြမ်းခင်းအားလုံးနှင့် အခန်းနံရံ ကျွန်းလျှာထိုး၊ အိမ်ရှေ့/နောက်ဝရန်တာ သံပန်းအပြည့်၊ ကြွေပြားကပ်၊ ဘိုထိုင်, AC၊ (ပွဲစားမလို)

**သိန်း-၉၀၀၊ ဖုန်း-၀၉-၃၁၀၅၉၆၇၅။**

ဖုန်း -0943075129

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်(၁၃၉)၊ မြေကွက်တည်နေရာအမှတ်(၁၃၉)၊ ရွှေဖူးမျှော်လမ်းနှင့် ပိတောက်ပင်လမ်းထောင့်၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမောင်အေး(ခ)ဆာမိ(HGU-၀၈၀၄၁၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်အေးကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

LCCI Level 1-2-3

AutoCount & MYOB Computerised Accounting

2015/June Series (December)

## ရောင်းမည်

- လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမတန်း၊ မြေကွက်ရောင်းရန်ရှိသည်။
- (၉၆'×၉၆')ပတ်လည်၊ လေးထောင့်ကျ၊ Single မီတာ၊ Power မီတာ၊ ဂရန်မြေ၊ ရောင်းသူအမည်ပေါက်၊ ဂျိုးဖြူရေ၊ အဝီစိတွင်းရေ၊ ကွန်ကရစ်(၄)လက်မထုခင်းပြီး။ ရေကြောင်းတက္ကသိုလ်၊ ရောဝတီဘဏ်၊ MMTM ခာတ်ဆီဆိုင်အနီး။ (အရှုပ်အရှင်းကင်း)(ညှိနှိုင်း)

**Ph:09-5052876**

# အထူးဝမ်းမြောက်စွာ ကျေးဇူးတင်ရှိခြင်း

****

ကျွန်တော်/ကျွန်မတို့၏ ဒုတိယသားလေးကို ပထမ သားလေးနည်းတူ
မေတ္တာစေတနာ အပြည့်ဖြင့် အောင်မြင်စွာ မွေးဖွားပေးပါသော သားဖွားနှင့်
မီးယပ်အထူးကုပါမောက္ခ ဒေါ်မြသီတာ၊ မေ့ဆေးအထူးကုပါမောက္ခ ဒေါ်မိမိအောင်၊
လက်ထောက်ဆရာဝန် ဒေါက်တာမီမီရွှေ၊ ကလေးအထူးကု ဒေါက်တာခင်ခင်နှင်း နှင့်
OSC ဆေးရုံမှ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား များနှင့်
ဖေဖေ ဦးသူရအောင် + မေမေ ဒေါ် အေးအေးတူး
ကိုကို ထူးထက်အောင်
AMPS Services Co., Ltd.
OSC Hospital

---

**ဥယျာဉ်ခြံရောင်းမည်**
အမြန်လမ်းမဘေး 4ဧက နှင့် 3.2ဧက
မျက်နှာစာကျယ်သည့်ပိုင်ဆိုင်မှုရှိ။
09-73009319,09-5100487

---

"ပျောက်ဆုံးခြင်း"
ECCENTRIC TRADING CO., LTD.

---

"ပျောက်ဆုံးခြင်း"
ECCENTRIC TRADING CO., LTD.

---

**ဖခင်အမည်မှန်**
မင်္ဂလာဒုံမြို့နယ်၊ အထက (၅)၊ နဝမ တန်းမှ မောင်ကျော်သူ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်းဖြစ်ပါသည်။
ဦးမောင်ဝင်း

---

**တိုက်ခန်းအရောင်း**
**(ညိုနိုင်းဈေး)**
မြေညီ+ပထပ် (၁၅×၅၀)ပေ၊ ကျောက်မြောင်းဈေး ကားဂိတ်ရှေ့။
**ဖုန်း-၀၉-၅၁၅၂၇၅၉၊ဖုန်း၀၉-၂၅၃၃၀၆၄၈၁**

---



